
# အရေးပေါ်လှေကား
နှင့်
# အခြား စကားပြေများ

မောင်ယုပိုင်



mgyoe.com
mgyoe.com

mgyoe.com
SAMPLE BOOK



9 248050 632975

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

အရေးပေါ် လေ့ကားနှင့် အခြားစကားပြေများ

မောင်ယုပိုင်

ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၂၅။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးဇော်မြင့်ဝင်း၊ ကာလာဇုန် ပုံနှိပ်တိုက် (၀၀၁၄၂)၊ အမှတ် ၁၈၄(ဘီ)၊ ၃၁လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး ပန်းချီ** အောင်ကြည်စိုး၊ **မျက်နှာဖုံးဒီဇိုင်း** စိုးမင်းအောင် **ကွန်ပျူတာစာစီ** သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– အမှာ ၇
၁။ Evil Dead သေဆုံးခြင်း ၉
၂။ Vintage မြန်မာ နှောက်ခံတေး မာမာအေး ၁၆
၃။ ကျွန်းမြို့ပေါ်မှ ဂီတသမား မှတ်စု ၂၂
၄။ ကျွန်တော့်ရဲ့ ၂၀၀၀ ပြည့်နှစ်များမှ ကိုင်ဇာတင်မုံ ၃၉
၅။ ကျွန်တော့်ရဲ့ ထူးအိမ်သင် လက်ရွေးစင် ၄၇
၆။ ကျန်ရစ်သူ မှတ်စု # ၁ ၆၂
၇။ ကျန်ရစ်သူ မှတ်စု # ၂ ၆၈
၈။ ကျန်ရစ်သူ မှတ်စု # ၃ ၇၅
၉။ ကျန်ရစ်သူ မှတ်စု # ၄ ၈၃
၁၀။ ကျန်ရစ်သူ မှတ်စု # ၅ ၉၀
၁၁။ ကျန်ရစ်သူ မှတ်စု # ၆ ၉၅
၁၂။ ကျန်ရစ်သူ မှတ်စု # ၇ ၁၀၃
၁၃။ ကျန်ရစ်သူ မှတ်စု # ၈ ၁၁၁


mgyoe.com

mgyoe.com SAMPLE BOOK


၁၄။ တံဆိပ်တပ်ရတော့မယ့် ရော့ခ်များ ၁၁၆

၁၅။ Melancholia ရုပ်ရှင်ကို ကြည့်မိခြင်း ၁၂၆

၁၆။ မှတ်စုဟောင်းထဲက ဗန်ဂိုး+ထူးအိမ်သင်သမား ၁၃၇

၁၇။ မသိခဲ့ကြ ၁၄၂

၁၈။ မီးရှူးမီးပန်း ၁၄၅

၁၉။ မြန်မာပြည်မှ Crazy Heart များ ၁၅၂

၂၀။ မြိတ်မြို့နှင့် တခြားကျေးရွာအုပ်စုများ အစမ်းစာ ၁၅၈

၂၁။ ရှိတယ်နော်၊ ရှိတယ် ၁၆၃

၂၂။ လမ်းထဲက နတ်ကနားပွဲ ၁၆၈

၂၃။ လိုင်တူမိတ်ဆွေ စာရင်း ၁၇၂

၂၄။ သင်္ကြန်တမ်းချင်း ၁၇၈

၂၅။ သို့ ... ရန်ကုန် ၁၈၂

၂၆။ ဟိုမီးရာ ၁၈၈

၂၇။ အတိတ်မှ ဗုံသံများ ၁၉၅

၂၈။ အရေးပေါ် လှေကား ၂၀၀

၂၉။ ငွေငန်း၊ ရော့ခ်အင်ရိုးမှသည် သင်္ကြန်မိုးသို့ (၂၀၀၉) ၂၀၅

၃၀။ ဘောထုပ်တန်း ၂၁၄

၃၁။ ကျွန်းမြို့ ကဗျာ ၂၂၁

၃၂။ ၉၀ ပြည့်နှစ်များမှ ဂမ္ဘီရမိုးကြိုး ၂၂၉


mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ

၂၀၁၅ ဖုန်းစခရင်ပေါ် အဝိုင်း သိပ်မလည်တော့တဲ့ နောက်ပိုင်း ကျွန်တော် ဖေ့စ်ဘုတ် စတေးတပ်စ်ကတစ်ဆင့် စာတစ်တန် ပေတစ်တန် ပြောဆိုချင်တာတွေ ရှိလာတယ်။ အနှစ် ၆၀ ကျော် အဝိုင်းလည်နေခဲ့တဲ့ ကိစ္စတွေ နေမှာပေါ့လေ။ လူမှုကွန်ရက်ဟာ အရေးမပါတဲ့ Attention တွေ တောင့်တသူ ဖြစ်လာနိုင်တယ် ဆိုပေမဲ့လည်း ကျွန်တော်က ကိုယ် ရေးချင်ရာကို ရေးခြင်းဖြင့်သာ သူတို့ဆီက အသည်းကို ရအောင်ယူဖို့ ကြံရွယ်ပါတယ်။ အမှိုက်ပုံကြီးလို ပွထနေတဲ့ လောကကြား အသန့်စင်ဆုံး မဖြစ်နိုင်တောင် နေချင့်စဖွယ် ရပ်ဝန်းလေးတစ်ခုဖြစ်အောင် အဲဒီဂိမ်းကို ကစားရတာပဲ မဟုတ်လား။ အများစုက စတေးတပ်စ်ပဲ ဖြစ်သွားပြီး တချို့ အရေးအသားတွေကတော့ စကားပြောနဲ့ ရေးထားတဲ့ စာတစ်ပုဒ် ဖြစ်လာတယ်။ အထူးသဖြင့်တော့ ('ကျွန်းမြို့မှတ်စု' ပြီးဆုံးသည့်တိုင်) မပြီးဆုံးနိုင်တဲ့ အတိတ်က ဇာတ်လမ်းတွေ၊ ကက်ဆက်အဟောင်းကို play နှိပ်မိရင်း ဂီတ ကာလယန္တရားနဲ့အတူ ကိုယ်ပါ အတိတ်ထဲ ဝင်လည် နေမိတာတွေ၊ မထင်မှတ်ပဲ ဖုန်းစခရင်ပေါ် ပြန်ပြန်ပေါ်လာတဲ့ ဗီဒီယို

mgyoe.com

mgyoe.com SAMPLE BOOK

တိပ်တွေလို ၈၀၊ ၉၀ ပြည့်နှစ်တွေဆီက ဒိုကူမန်ထရီတွေ၊ ဒီ့ထက် ပိုပြီး ဆယ်စုနှစ် နှစ်ခုအတွင်း ထောင်စုနှစ်ကြီးတစ်ခု ခြားသွားသလို ဒီဘက်ခြမ်း နှစ်ကာလတွေရဲ့ ဇာတ်ခုံပေါ် ခပ်ရှုံ့ရှုံ့နဲ့ ပြန်ရောက်လာတဲ့ အတိတ်လူသား သို့မဟုတ် ခေတ်ဟောင်း သိမှုတွေကို ကပ်လျက် ချပြခြင်းတွေ။ ပြဿနာ မီးခွက်ထွန်း ရှာရင်း ရှာပြင်ရဲ့ ရှာပြင်အထိ ရောက်လာတဲ့ ကျွန်တော့်ရဲ့ လင်းပွင့်မှု သို့မဟုတ် မှောင်မိုက်မှုများလည်း မပါမဖြစ်ပေါ့လေ။ အရေခြုံ ဘာသာအယူအစွဲများ၊ သွေးစုပ် စီးပွားရေးနဲ့ ဒုတိယကမ္ဘာစစ် လက်ကျန် ခေတ်သစ် စကြာတံဆိပ်အဖွဲ့ဟာ အပြန်အလှန် လက်ဖဝါးရိုက်ပြီး ဘဝ တွေကို မောင်းနှင်နေတယ်ဆိုတာ ဘယ်တော့မှ မမေ့လျော့ မပေါ့ဆစေ ချင်တဲ့ ကျွန်တော့် စကားပြေတွေရဲ့ နောက်ကွယ်က သွေးနွေးမှု။ ကျန် တာတော့ ရှိပ်စပီးယားပြဇာတ်ထဲ ပါပြီးသားတွေကို ဒီနေ့ အီလက်ထရို တွေနဲ့ ပြန်တီးကြည့်ခြင်းမျှပါပဲ။ 'မြိတ်မြို့နဲ့ တခြား ကျေးရွာအုပ်စုများ အစမ်းစာ' နဲ့ 'လိင်တူမိတ်ဆွေများ စာရင်း'ကတော့ ကဗျာ သိပ်ဖြစ်ချင် နေတဲ့ စကားပြေများမို့ ဒီစာအုပ်ကျမှ ပေးပါလိုက်တယ်ပေါ့လေ။ 'ကျန် ရစ်သူ မှတ်စု'တွေကတော့ အကျဉ်းစံကာလတစ်ခု ကုန်ဆုံးပြီး နောက်ပိုင်း မှ ပိုလွတ်မြောက်လာတဲ့ ကျွန်တော့်ရဲ့ ဝိညာဉ်ဆီ ပြေးကပ် အုံဖွဲ့လာကြ တဲ့ စကားလုံးတွေပါပဲ။ ကိုဗစ်နှစ်တွေ ပြီးတော့ အဖျက်အမှောင့် ပိုးမွှား ထူပြွမ်းတဲ့ နှစ်တွေကြောင့်လား၊ မိမိရဲ့ အသက်အရွယ်ကြောင့်လားတော့ မသိ၊ ရင်းနှီးကျွမ်းဝင်သူများ၊ အသိမိတ်ဆွေများရဲ့ နာရေးသတင်းဟာ နေ့စဉ် ပလိပ်ကပ်ဆိုက် မြို့တစ်မြို့ထဲ ဖြတ်လျှောက်နေရသလို မြင်လာ ကြားလာရတယ် မဟုတ်လား။ ၂၀၂၃၊ ၂၄ ဒီ ကွယ်လွန်သူနောက်ခံ စာစု တွေ သွန်ချနေမိတဲ့ အချိန်ကာလတွေဆိုတာလည်း အခုလို ကျွန်တော် နွေဦးရွက်ကြွေတွေ အပြည့်နဲ့ နေ့ရက်တွေကြား ခန်းခြောက်သွားတဲ့ မျက်ရည် ရေတွင်းကို ငုံ့ကြည့်ရင်း တုံဏှိဘာဝေ ထုံမနေခင်ကပါပဲ။

လေးစားစွာ ...

မောင်ယုပိုင်

မတ် ၃၊ ၂၀၂၅။

mgyoe.com

mgyoe.com SAMPLE BOOK

# Evil Dead သေဆုံးခြင်း

လူသူမနီး တောအုပ်ထဲက ဒါမှမဟုတ် ဈေးပေါပေါနဲ့ ရလို့ ယူလိုက်တဲ့ အိမ်တစ်အိမ်ကို မိသားစု သို့မဟုတ် ပျော်ပွဲစား လူငယ်တစ်စု ရောက်လာမယ်။ ဆယ်ကျော်သက်တစ်ယောက်က မြေအောက်ခန်းက ဒါမှမဟုတ် ထပ်ခိုးထဲက ရှေးဟောင်းပစ္စည်းတစ်ခုကို ခြေဆော့ လက်ဆော့ ဖွင့်ကြည့်မိမယ်။ မကောင်းဆိုးဝါး ထွက်လာမယ်။ ဒီ horror ဖော်မြူလာကို Evil Dead Rise (၂၀၂၃) မှာ ပြန်တွေ့ရတယ် ဆိုပေမဲ့ တကယ်တော့ ဒီဖော်မြူလာက Evil Dead (၁၉၈၁) ကတည်းက စခဲ့တာပါပဲ။

Horror အများစုရဲ့ ဖန်တစ်ရာတေ plot အတိုင်း အိမ်မှာ ဝိညာဉ်ရဲ့ ပထမဆုံး ဆက်သွယ်ခံရသူ ကလေးလေးက နံရံဘက် လှည့်၊ တစ်ယောက်တည်း စကားတွေ ပြောမယ်။ တစ္ဆေသရဲ အယုံအကြည် မရှိတဲ့သူက ရှိတဲ့သူကို စိတ်ရောဂါလို့ စွပ်စွဲပြီး နောက်ဆုံး သူကိုယ်တိုင် ခြောက်လှန့်

mgyoe.com

mgyoe.com

ခံရမယ်၊ တစ်ခါတည်း လစ်ချင်လည်း လစ်သွားလိမ့်မယ်။ ပြီးတော့မှ မကောင်းဆိုးဝါးက အကောင်လိုက်ကြီး ပြမယ်၊ ဆံပင်တွေ ဆောင့်ဆွဲမယ်။ Evil Dead ကတော့ အဲသလို မဟုတ်ဘူး။ ဇာတ်လမ်းတစ်ဝက် ကျော်ကျော်မှ အိမ်ရှိ လူအကုန် ခြောက်လှန့်ခံရပြီး ပွဲကြမ်းတာမျိုး မဟုတ်ဘူး။ စပြီဟေ့ဆိုတာနဲ့ ဝေါခနဲ ဝုန်းခနဲ အိမ်တံခါးတွေ အကုန် တိုက်ဖျက်ပြီး ဝင်လာမယ်။ မိနစ်ပိုင်းအတွင်း တစ်ယောက်ပြီးတစ်ယောက် သရဲအပူး ခံရမယ်၊ မျက်လုံးတွေ အဖြူချည်းသက်သက် ဖြစ်ကြ၊ လေးဖက်တွားပြီး နံရံပေါ် တက်ကြ၊ အချင်းချင်းတွေ ကိုက်ကြဖဲ့ကြပေါ့။ ဇာတ်သိမ်းတဲ့ အထိလည်း ဘယ်ရဲသား၊ ဘယ်အောက်လမ်းဆရာမှ ရောက်လာမှာ မဟုတ်ဘူး။ ကယ်တင်ရှင်လုပ်ပေးမယ့် အိမ်နီးနားချင်း အီရတ် စစ်ပြန်ကြီးတွေ၊ အာဖဂန် စစ်ပြန်ကြီးတွေ၊ သန်မာတဲ့ အမျိုးသမီးကြီးတွေလည်း ပေါ်လာမှာ မဟုတ်ဘူး။ အမျိုးရင်းတွေထဲကပဲ မိစ္ဆာကောင်တွေ ဖြစ်ကုန်တဲ့ အိမ်တစ်အိမ်ထဲမှာ ရရာလက်နက် စွဲကိုင်ပြီး ခုခံတိုက်ခိုက်ရမယ့် သူ့ရဲကောင်းကလည်း ကိုယ်ကိုယ်တိုင်ပါပဲ။ သူလိုကိုယ်လို လူငယ်လေးတွေပါပဲ။




mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်ဟောင်း မိစ္ဆာပုံစံ အခြေပြု ဇာတ်လမ်းတချို့နဲ့ အာရှဘက်က တစ္ဆေရုပ်ရှင်တွေထဲက မကောင်းဆိုးဝါးတွေဟာ နေရာအနှံ့ လျှောက်သွားနိုင်စွမ်း ရှိတယ်။ ရေချိုးခန်းထဲမှာ တွေ့လို့ အိမ်ရှေ့ ထွက်ပြေးတော့ တံခါးရှေ့မှာ စောင့်နေတာမျိုး၊ မြို့ပြောင်းပြေးလည်း ခုတင်အောက်က ပြန်ထွက်လာတာမျိုး။ Jason ဆို လူလား ဘာလား မှန်းသာ မသိတာ၊ ပေါ်ချင်တဲ့အချိန်၊ ပေါ်ချင်တဲ့နေရာကနေ ပေါ်လာတာ။ Evil Dead ထဲက မကောင်းဆိုးဝါးကတော့ လူ့ခန္ဓာမှာပဲ ကပ်ပါးကောင် တစ်ကောင်လို အမှီပြုတယ်။ နံရံတွေကို မကျော်ဖြတ်နိုင်ဘူး၊ အိပ်မက်တွေထဲ မဝင်ရောက်နိုင်ဘူး။ ဖွမ်ဘီတွေနဲ့ ဆင်တယ်။ ဖွမ်ဘီတွေထက် ပိုတာက လေထဲ နည်းနည်း မြောက်တက်နိုင်တယ်။ ခန္ဓာကိုယ်ကို တစ်စစီ လုပ်ပစ်ခံရပြီးတာတောင် မကောင်းဆိုးဝါး ဝိညာဉ်က နောက်ထပ် လူသားခန္ဓာ တစ်ခုကို ရှာပြီး ပူးကပ်နိုင်တယ်။ အဆိုးဆုံး အစွမ်းကတော့ မာယာများတတ်တာပဲ။ ခေါင်းအဖြတ်ခံရနီးပြီဆို 'ကျွန်မလေ၊ အစ်ကို့ရဲ့ အချစ်ဆုံး ဇနီးလေးလေ၊ လုပ်ရက်တော့မှာလား' ဘာညာ။

အခု Evil Dead Rise မှာလည်း Splatter film အမျိုးအစားပီပီ သားသတ်ရုံထဲ ရောက်သွားတဲ့ မြင်ကွင်းတွေမျိုး ပိုပိုသာသာ ထည့်ပေးထားပါရဲ့။ 'ငြီးငွေ့မှုဟာ သူ့လွှစက်ကြီးနဲ့ ငါ့အခန်းနံရံကို ထိုးခွဲပြီး ဝင်ရောက်လာပြန်ပေါ့'လို့ ၂၀၀၃ လောက်က ကျွန်တော့် ကဗျာတစ်ပုဒ်မှာ ထည့်ရေးဖူးပါတယ်။ Evil Dead Rise မှာ နောက်ဆုံး survival လုပ်ကျန်ခဲ့တဲ့ Beth ရဲ့ လက်ထဲ လွှစက်ကြီး ရောက်သွားချိန်မှာ ကျွန်တော် ကျေနပ်အားရ ဖြစ်ရပြန်တာပေါ့။ အော့နှလုံး နာရလောက်အောင် ခြောက်လှန့် နှိပ်စက်နေတဲ့ လက်တွေ့ဘဝထဲက နာကြည်း မုန်းတီးနေခြင်းတွေ ငြီးငွေ့ စိတ်ကုန်မှုတွေကို ခဏမေ့သွားစေတဲ့ အင်တာတိန်းမန့်ကို မှီဝဲလိုက်ရခြင်းပေါ့။ မကောင်းဆိုးဝါးတွေ အသေဆိုးနဲ့ သေနေတာ ဝမ်းသာနေတဲ့၊ နှလုံးသားတစ်ခုလုံး သွေးသံတရဲရဲနဲ့ ကျွန်တော်တို့ အဖြစ်ကလည်း အပေါ်ယံ ကြည့်ရင် Evil တစ်ကောင်အဖြစ် အထင်မှားစရာပဲ မဟုတ်လား။

mgyoe.com

mgyoe.com  SAMPLE BOOK 

Evil Dead Rise ဇာတ်ကား ပြီးသွားတော့ ဘာမှ သိပ်စွဲထင်မကျန်ဘူး။ ကျွန်တော်တို့ ၈၀ ပြည့်နှစ်ဖွားတွေရဲ့ မသိစိတ် မြေအောက်ခန်းထဲမှာ ယနေ့တိုင် လှျို့ဝှက် သိမ်းဆည်းထားတာက ၈၀ ပြည့်နှစ်က Evil Dead ဇာတ်ကား သုံးကားထဲက အရုပ်တွေ၊ အသံတွေလေ။ EDR ထက် အများကြီး ညံ့ဖျင်းတယ်လို့ ထင်ရတဲ့ ၈၀ ပြည့်နှစ်က Stop motion အထူးပြုလုပ်ချက်နဲ့ ဖန်တီးထားတဲ့ မကောင်းဆိုးဝါး အရုပ်တွေကိုမှ ပိုစွဲလမ်းနေမိတာဟာ ရုပ်ရှင်ရဲ့ အနုပညာထက် ကျွန်တော်တို့ရဲ့ nostalgic အမှတ်ရမှုတွေနဲ့ ဆက်စပ်နေလို့ပဲပေါ့။ Evil Dead ၁၉၈၁၊ Evil Dead 2 ၁၉၈၇၊ Evil Dead 3 (Army of Darkness) ၁၉၉၂ ဆိုတဲ့ ဇာတ်ကားတွေကို ကြည့်ခဲ့ရတဲ့ အချိန်ကာလတွေ အခိုက်အတန့်တွေကိုယ်တိုင်က သည်းထိတ်ရင်ဖိုစရာ သိပ်ကောင်းခဲ့တာကိုး။

တနင်္ဂနွေ ကျောင်းပိတ်ရက် တစ်ရက်မှာ မူလတန်းကျောင်းသား ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် အိမ်မှာ ဘယ်သူ ငှားထားမှန်းမသိတဲ့ ဗီဒီယိုတိပ်ခွေတစ်ခွေကို ထိုးကြည့်မိခဲ့တယ်။ တီဗီမှာ ရုပ်သံလိုင်းနှစ်လိုင်းက လွဲလို့ ဘာအရုပ်အသံမှ မရှိတဲ့ ခေတ်ကာလလေ။ ထိုးကြည့်မိတဲ့ အခွေက Evil Dead (၁၉၈၁) ဇာတ်ကားပေါ့။ ဇာတ်ကားက ဖွင့်ပြီး ငါးမိနစ်မှာတင် ကြမ်းတော့တာ။ တောထဲက သစ်လုံးအိမ်၊ ချာလပတ်ယမ်းနေတဲ့ ညအမှောင်ထဲက သစ်ပင်တွေ၊ လေပြင်းသံလို သတ္တဝါကြီးတစ်ကောင်ရဲ့ ညည်းညူသံလို အသံကြီးတွေ။ ကျွန်တော့်မှာ တကယ့်ကိုမကောင်းဆိုးဝါး အလိုက်ခံနေရသလိုပဲ။ သရဲမ ခေါင်းပြတ်ကြီးက အစိကဇာတ်ဆောင်ဖြစ်သူရဲ့ ထိုင်နေတဲ့ ပေါင်ကြားထဲ ဘယ်ကမှန်း မသိဘတ်ခနဲ ပြုတ်ကျလာတယ်။ ပြီးတော့ သူ့လက်ကို ကိုက်ခဲထားလိုက်တော့တာ။ ကျွန်တော်တို့ အသက်ရှူဖို့ မေ့နေတယ်။ ဇာတ်လိုက်ကဂိုဒေါင်ထဲ ပြေးဝင်ပြီး ခေါင်းပြတ်ကို တွင်ခုံမှာ ညှပ်၊ လွှစက်နဲ့ ဖြတ်ဖို့လုပ်တော့ သရဲမက မသေခင်က မူလရုပ်သွင် ဖြစ်သွားလိုက်၊ အဖြူရောင်သက်သက် မျက်လုံးနဲ့ သွားချွန်ချွန်တွေနဲ့ သရဲမပုံ ပြန်ဖြစ်သွားလိုက်နဲ့ ပြောင်းနေတယ်။ အဲဒီတုန်း သရဲမရဲ့ ခေါင်း မပါတဲ့ ခန္ဓာကြီး

mgyoe.com

mgyoe.com

ဝင်လာပြီး ဓာတ်လိုက်ကို တိုက်ခိုက်တယ်။ လွှစက်က သရဲမ ကိုယ်ပေါ်ကို ကျသွားပြီး လွှစက် စိုက်ဝင်လျက် တန်းလန်းနဲ့ ဓာတ်လိုက်နောက်ကို လိုက်တယ်။ လွှစက်သံ၊ သရဲမရဲ့ လူသံရယ် ဝက်သံရယ် စက်သံရယ် ပေါင်းထားတဲ့ ရယ်သံ၊ တီဗီဖန်သားပြင်တစ်ခုလုံး သွေးတွေနဲ့ ဖုံးလွှမ်းသွား။ နေ့ခင်းကြောင်တောင်ကြီး တီဗီကို ဖွင့်လျက်ထားခဲ့ပြီး ညီအစ်ကိုနှစ်ယောက် အိမ်ပေါ်ထပ်ကနေ ဆင်းပြေးခဲ့ရတဲ့အထိပဲ။ ဒါလည်း အမှတ်မရှိသေးပဲ နောက်တစ်နှစ်လောက် ကြာတော့ ကျွန်တော် တစ်ယောက်တည်း ဗီဒီယိုရုံမှာ သွားကြည့်ပြန်တယ်။ အဲဒီတုန်းက မြို့တွေဟာ အခုလောက် မလင်းထိန်သေးဘူးလေ။ လမ်းတွေကလည်း ခပ်မှောင်မှောင်၊ အိမ်တွေမှာလည်း လျှပ်စစ်မီးက တီဗီဖွင့်လို့ ရတယ် ဆိုရုံလေး။ အဲဒီကာလတွေမှာ Evil Dead ထဲက Bruce Campbell ရဲ့ လွှစက်သံဟာ ပိုလို့ ကျယ်လောင် ဆူညံခဲ့သလို မြေကြီးထဲ ထည့်မြှုပ်ထားရာက ပြန်ထလာတဲ့ ကိုယ်တုံးလုံး သရဲမရဲ့ ခန္ဓာက ပိုလို့ ထင်ရှား ပြတ်သားနေခဲ့တာပေါ့။ နောက်ထပ် နှစ်ပေါင်းများစွာ ကြာတဲ့အထိ ကျွန်တော်ဟာ ညဘက်တွေဆို အိမ်ပြတင်းပေါက်ကနေ အပြင်ဘက် အမှောင်ထဲ ကြည့်မိတိုင်း အဲဒီ အော်ဂလီဆန်စရာ မိန်းမအသေကောင် က,နေပုံကိုချည်း မြင်ယောင်နေမိတော့တာ။ အဲသလို ကြမ်းတဲ့ Evil Dead။

အခု Evil Dead Rise (၂၀၂၃) ကို ငယ်ဘဝ အစွဲအလမ်းနဲ့သာ စောင့်မျှော် ခံစားမိတာ၊ တကယ်တမ်း Evil က ကျွန်တော့်တီဗီထဲ ရောက်လာတော့လည်း ကျွန်တော်က သိပ်မတုန်လှုပ်တော့ဘူး။ ကြည့်ပြီးသွားတော့လည်း ပြီးသွားတာပါပဲ။ ဒီ EDR နဲ့ set decoration ဖန်တီးမှုမှာ vibes ချင်း ခပ်ဆင်ဆင် ဖြစ်နေတဲ့ Satan Slaves 2 (၂၀၂၂ အင်ဒိုနီးရှားသရဲကား) ကမှ ကျွန်တော့်ကို ပိုဆန်းသစ်တဲ့ သည်းထိတ်ဖိုရသ ပေးနိုင်ခဲ့သေးရဲ့။ တကယ်တော့ ရုပ်ရှင်က ညံ့လို့ မဟုတ်၊ ကျွန်တော်တို့က Evil Dead Rise ထက် ပိုကြမ်းတဲ့ နေ့စဉ်ဘဝ အာရုံတွေကို ကြုံတွေ့နေရလို့ပဲ။

လူ့ဘဝရဲ့ ကာလအပိုင်းအခြားတွေမှာ ကျွန်တော်ဟာ ငယ်ဘဝ

mgyoe.com

mgyoe.com SAMPLE BOOK

လွမ်းဆွေးမှုကို ပြန်ခံစားတဲ့ အရွယ်ကိုပါ ကျော်လွှားခဲ့ပြီးသွားပြီ ထင်ပါရဲ့။ ဆယ်စုနှစ်တစ်ခုလောက် ဝေးကွာနေတဲ့ အငွေ့အသက် ပြန်ရှူရှိုက်ခွင့်ရတဲ့ ပထမ တစ်ကြိမ်၊ ဒုတိယ တစ်ကြိမ်တွေမှာသာ ငယ်ဘဝအလွမ်းကို အပြည့်အဝ ရတာ။ အကြိမ်ကြိမ်ဆိုရင် ရနံ့တွေဟာ ထုံအီလာမှာပဲ။ နောက်တစ်ခုက ခေတ်ကြီးက ကျွန်တော်တို့ကို အလိုလိုက်တာ ရက်ရောလွန်းအားကြီးတယ်။ ၈၀–၉၀ က သီချင်း၊ ရုပ်ရှင် အားလုံး ပြန်ခံစား ထိတွေ့နိုင်ဖို့ ပိုလို့တောင် လွယ်ကူလာခဲ့တာ မဟုတ်လား။ ဘဝဟာ အရသာရှိလို့ ရှိမှန်း မသိခဲ့တဲ့ အချိန်တွေက အလွမ်းအဆွေး အားလုံးရဲ့ မူလ ငယ်ဘဝ ဖြစ်ပြီး အရသာကို ခဲရာခဲဆစ် ရှာဖွေ ခံစားရတဲ့ အချိန်တွေကတော့ ဒုတိယအရွယ် ဖြစ်ဖို့ များတယ်။ ကျွန်တော့်အတွက်တော့ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၅ လောက်အထိပေါ့လေ။ ကက်ဆက်ခွေခေတ်က သီချင်းတွေကို ပထမဆုံးအကြိမ် အမ်ပီသရီးအဖြစ် ပြန်နားထောင်ရတဲ့ ကာလတွေ၊ ဗီဒီယိုတိပ် ခေတ်က ဇာတ်ကားတွေကို ဒီဗီဒီတွေနဲ့ ပြန်ကြည့်ရတဲ့ ကာလတွေ၊ ချာတိတ်ဘဝတုန်းက တွေ့ခဲ့ရတဲ့ ရုပ်ရှင်ပိုစတာတွေကို ဂူဂဲလ်မှာ ပြန်တွေ့ရချိန်၊ ကလေးဘဝတုန်းက ရွှေသွေး တေဇတွေကို ရန်ကုန် စာအုပ်အဟောင်းဆိုင်တွေမှာ ပြန်လိုက်ရှာရတဲ့အချိန်၊ အိမ်ရဲ့ ထောင့်တစ်နေရာမှာ အမှတ်တမဲ့ ပစ်ထားမိတဲ့ ဓာတ်ပုံဟောင်းတစ်ပုံကို ကွန်ပျူတာဆိုင် သွား၊ စကင်တွေ ဘာတွေ သေချာ ဖတ်၊ ပေါင်သွင်းရတဲ့ အချိန်တွေပေါ့လေ။ ကျွန်တော့်ဆီမှာ DVD တွေ ထောင်နဲ့ချီ၊ ရွှေသွေး တေဇ အောင်ရှိန် သန်းကြွယ်တွေ အထပ်လိုက်၊ ၇၀–၈၀–၉၀ MP3 ဖိုင်ပေါင်း များစွာ ပြန်စုဆောင်းမိခဲ့ပြန်ရဲ့။ ၂၀၁၅ လောက် အထိပေါ့လေ။ အဲဒီနောက်ပိုင်းတော့ ငယ်ဘဝအရသာတွေကို အကြိမ်ကြိမ် ကြံရည်ကြိတ်စက်ထဲ ထိုးထည့်နေခြင်းက တဖြည်းဖြည်း ခန်းခြောက်လာခဲ့ပြန်တယ်။ အခု ကျွန်တော့်ရှေ့ တီဗီဖန်သားပြင်ပေါ်က Evil Dead Rise ဟာလည်း ထို့အတူပဲ။

ရုပ်ရှင်ထဲမှာ မြေအောက်ခန်းထဲက ရှေးဟောင်းစာအုပ်ကို သွားဖွင့်ကြည့်သလိုမျိုး သိမ်းဆည်းထားတဲ့ Nostalgic အလွမ်းကို သွားသွား

mgyoe.com

mgyoe.com

ထုတ်ကြည့်၊ တသသ လုပ်နေတာက လွဲရင် တော်တန်ရုံ ဘယ် horror ဘယ် Thriller မှ ကျွန်တော့်ကို တိုးမှာ မဟုတ်တော့ဘူး။ တကယ်တော့ Evil Dead လို horror တစ်ခေတ်လည်း ပြီးသွားခဲ့တာ ကြာလှပြီပဲ။ ကျွန်တော့်အသက် ၂၀ နောက်ပိုင်းကနေ ဒီနေ့အထိ အပြိုင်အဆိုင် ခြောက်လှန့်ခဲ့တဲ့ The Exorcist (၁၉၇၃) မှသည် Hereditary (၂၀၁၈) အထိ psychological ဘက် ပိုရောက်တဲ့ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်မာမာနဲ့ Mistery ပိုဖြစ်တဲ့ horror flim တွေ အများကြီး ရှိခဲ့ပြီ။ အဲသလောက် အကြမ်းစား splatter ကို ရင်မခုန်ပဲ ထိုင်ကြည့်နေမိတဲ့အထိ လက်တွေ့ဘဝထဲက သတ်ခန်းဖြတ်ခန်း လွှစက်သံတွေဆီသာ စိတ်က ပိုရောက်နေမိပြီလေ။ Evil never die ဆိုတဲ့အတိုင်း Evil Dead ထဲက မကောင်းဆိုးဝါးက ပြန်လာချင်တဲ့အချိန် ပြန်လာနိုင်ပြီး ကျွန်တော်တို့ကို ဖျော်ဖြေဖို့ ကြိုးစားနေဦးမှာပဲ။ ဒါပေမဲ့ Evil Dead Rise ဖြစ်ဖြစ်၊ Evil Dead Revenge ဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ဆက်ပြီး မရှင်သန်နိုင်တော့ပါဘူး။

■

ဇူလိုင်၊ ၂၀၂၃။

နောက်ခံတေး – *In Flames - Only for the Weak*

mgyoe.com

mgyoe.com SAMPLE BOOK

# Vintage မြန်မာ နောက်ခံတေး မာမာအေး

ကျွန်တော့်မှာ ဂီတနဲ့ ငယ်ဘဝက သူ့အကန့်နဲ့သူ ရှိတယ်။ ၈၀–၉၀ ပြည့်နှစ်တွေက Eurodance တွေ နားထောင်ရင် ကလေးဘဝတုန်းက ကျောင်းဆင်းပါတီပွဲတွေ၊ သင်္ကြန်ပွဲတော်ရက်တွေနဲ့ မင်္ဂလာဆောင် အခမ်းအနားတွေကို သူ့ Vintage အနေအထားအတိုင်း ပြန်ရောက်စေတယ်။ Love song တွေ နားထောင်ရင် ခြောက်တန်း၊ ခုနစ်တန်းတုန်းက စော်တွေ အသည်းခွဲသွားတာ ခံရတဲ့ ဖီးလ်ကို ပြန်ရတယ်။ (ဟုတ်တယ် ကျွန်တော် ခုနစ်တန်းဆို လူက လက်တောက်လောက်နဲ့ အသည်းက သုံးခါလောက် ကွဲပြီးနေပြီ) Death metal တွေ နားထောင်ရင် ကိုးတန်းမှာ ဆံပင်ရှည် အစ်ကိုကြီး တချို့နဲ့ လျှောက်ပွေးခဲ့တာတွေ မြင်ယောင်တယ်။ နယ်မှာဆိုတော့ လမ်းသရဲ အတုပေါ့လေ။ အိမ်ပြန်ရောက်ရင် နားကွင်းတွေ၊ အရိုးခေါင်းပုံ လက်စွပ်တွေ ဖြုတ်ပြီးမှ အိမ်ထဲ ဝင်ရတာ။

အဲ ... မြန်မာသံ ဂန္ထဝင် သီချင်းကြီးတွေကိုတော့ ကျွန်တော် ကိုယ်

mgyoe.com

mgyoe.com SAMPLE BOOK

တိုင် ဖွင့်နားထောင်ခဲ့တာမျိုး မရှိဘူး။ ကျွန်တော့် ငယ်ဘဝ၊ ချာတိတ်ဘဝ နဲ့ မပတ်သက်ဘူးလို့ ထင်ခဲ့တယ်။ အဲဒီသီချင်းတွေက အမှန်အတိုင်း ပြောရင် ကျွန်တော် ပျင်းတယ်။ သီချင်း အများစုက ၇၀ ပြည့်နှစ်ရဲ့ ဟိုဘက်တွေဆီက များတာမို့ ၈၀ ဖွား ကျွန်တော့်ကို ဘာ Nostalgic မှလည်း ရစေမှာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်။

ဒါပေမဲ့ တစ်နေ့မှာတော့ ကျွန်တော် မာမာအေးရဲ့ 'ကြည်နူးဖွယ် နံနက်ခင်းတေးများ'ကို ဖွင့်လိုက်မိပြီး ကျွန်တော့်အထင်တွေ မှားမှန်း သိလိုက်ရတယ်။ ရေကင်း၊ ကြည်နူးဖွဲ့၊ အနန္တငါးပါး ကန်တော့၊ အစိမ်းနွေယျ၊ သံမှုဒွေး၊ စိန္တာမဏိ၊ ဂုဏ်တော် ကိုးပါး၊ လင်းရောင်ခြည်ဦး။ အဲဒီသီချင်း တွေကို ကျွန်တော် ရည်ရွယ်ချက်ရှိရှိနဲ့သာ နားမထောင်ဖူးတာ၊ (ဒေါ်) မာမာအေးရဲ့သီချင်း အတော်များများက ကျွန်တော်တောင် မသိလိုက်ပဲ ကျွန်တော့်ငယ်ဘဝရဲ့ နေရာအတော်များများမှာ စွဲစွဲမြဲမြဲကြီး ရှိနေခဲ့ တာပဲ။ ကျွန်တော်တို့ သင်္ကန်းစည်းပြီး သိမ်ထဲက အထွက်၊ ဘုန်းကြီး ကျောင်း စကြိုတစ်လျှောက် အဒေါ်တွေ၊ အဘွားတွေ ဆွမ်းလောင်းဖို့ စောင့်နေတာ တွေ့လိုက်ရတဲ့အချိန်၊ ဆူညံ ရှုပ်ယှက်ခတ်နေတဲ့ အလှူ မဏ္ဍပ်ထဲ ဝင်တိုးထိုင်ပြီး ပါးစပ်နားတစ်ဝိုက်က သနပ်ခါးတွေ ကွက်သွား တဲ့အထိ အလှူထမင်းဟင်း စားနေချိန်၊ မာမာအေးရဲ့ တေးသီချင်းသံ တွေဟာ မဏ္ဍပ်ရဲ့အထက်က ကောင်းကင်မှာ ဟိန်းနေတယ်။ မောင်း ဆိုင်းသံ၊ နှဲသံတွေဟာ မဏ္ဍပ်နောက်က ဟင်းအိုးကြီးလိုပဲ ပွက်ထလို့။ နံနက်ခင်း တေးများဟာ ဘုန်းကြီးကျောင်းတွေရဲ့ သစ်သားတိုင်လုံးကြီး တွေဆီကနေ ထွက်လာတယ်။ တောရကျောင်းရဲ့ ဟောင်းနွမ်းနေတဲ့ နံရံ အုတ်ကွက်တွေဆီကနေ၊ ကျောင်းအနောက်ဘက် မြေသား မီးဖိုဆောင်နဲ့ ထင်းမီးဖို အကြီးကြီးဆီကနေ၊ ဘုန်းကြီးကျောင်းနဲ့ ရွာကြားက မြေနီလမ်း တွေဆီကနေ၊ အလှူရှင် မိသားစုကို ဓာတ်ပုံရိုက်ပေးနေတဲ့ ဓာတ်ပုံဆရာ ဆီကနေ၊ ဘုန်းကြီးကျောင်း စောင်းတန်းထိပ်က ခေါင်မိုးအရိပ်အောက် ကျောက်ဒိုးပစ်နေတဲ့ ဘုန်းကြီးကျောင်းသားလေးတွေဆီကနေ၊ ညဘက် သမိုင်းရာဇဝင်ကား ဗီဒီယိုမပြခင် လော်စပီကာနဲ့ ဖွင့်ထားတဲ့ ဓမ္မာရုံ

mgyoe.com

mgyoe.com


အရှင်ဥပဂုတ္တ ယာယီမဏ္ဍပ်ဆီကနေ၊ မနက် ဝေလီဝေလင်း မြူမှုန်တွေကြား တောင်ပေါ်စေတီ တစ်ဆူဆီကနေ၊ အဘိုးလေး တစ်ယောက်ရဲ့ လက်ကို ဆွဲပြီး လျှောက်သွားခဲ့တဲ့ ဘုရားပွဲဈေး ပြဇာတ်ရုံဆီကနေ။ မာမာအေးရဲ့သီချင်းထဲက အသံတွေက မမျှော်လင့်ဘဲ ကျွန်တော့်ကို အဲဒီနေရာတွေဆီ ပြန်ခေါ်သွားနိုင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် မေ့ပျောက်နေခဲ့တဲ့ အချိန်ကာလနဲ့ နေရာတွေဆီ ကျွန်တော်ကိုယ်တိုင် ကြားခဲ့တယ်လို့ မထင်ခဲ့တဲ့ အသံတွေက ပြန်ခေါ်သွားတာလေ။

လူဆိုတာက အခက်သား၊ ဒါမှမဟုတ် ကျွန်တော်ကပဲ ခက်တာလားတော့ မသိ။ လက်ရှိအချိန်မှာ ကျွန်တော်ဟာ ဘုန်းကြီးကျောင်းတွေ၊ အလှူကထိန်တွေ၊ လော်စပီကာက ထွက်လာတဲ့ အသံတွေနဲ့ အလှမ်းဝေးလို့ ဂျစ်ဖြစ်ရတဲ့ အနေထားမှာ ရှိတယ်။ ကျွန်တော့်ရဲ့ ပြောင်းလဲလာခဲ့တဲ့ ယုံကြည်မှုတွေ၊ ခံယူချက်တွေ၊ သိမှတ် နားလည်မှုတွေအရ ဒီနေ့မှာ မြင်တွေ့နေရတဲ့ ဘုန်းကြီးကျောင်း ယဉ်ကျေးမှုက ကျွန်တော်နဲ့ နည်းနည်းမှ ဓာတ်မတည့်တော့ဘူး။ ဒါပေမဲ့ ငယ်ဘဝက သက်န်းစည်းခဲ့တာတွေ၊ ဘုရားကျောင်းကန် သွားခဲ့တဲ့ အချိန်တွေ၊ အလှူပွဲ ဘုရားပွဲ ကာလတွေကိုတော့ ကျွန်တော်က အသည်းထဲ စွဲနေတုန်းပဲ။ ကလေးဘဝဆိုတာ ပြာကျသွားတဲ့ ကိုယ့်အိမ်ရဲ့ မီးလောင်ပြင်နေရာမှာတောင် ဆော့ကစားတတ်သေးတာ မဟုတ်လား။ ဒါမှမဟုတ် ၈၀–၉၀ ပြည့်နှစ်တွေတုန်းက ဗုဒ္ဓဘာသာတွေရဲ့ အလှူအတန်းနဲ့ အခမ်းအနားတွေကပဲ တကယ့်ကို အပြစ်ကင်းစင်စွာနဲ့ အေးချမ်း ပျော်ရွှင်ဖို့ ကောင်းနေခဲ့တာလား။ ကျွန်တော်တို့ဟာ ကမ္ဘာကြီးနဲ့ ကွန်ရက်ချင်း ချိတ်ဆက်မှုမရခင်မှာ ကျွန်တော်တို့ရဲ့ ဘဝနေမှုပုံစံတွေက သီးခြားဆန်တဲ့ အရသာတစ်ခု ရှိနေခဲ့တာများလား။

အနောက်တိုင်းမှာ ဂျွန်အက်ရှ်ဘရီ တစ်ခေတ် ဖြစ်နေချိန် ကျွန်တော်တို့ဆီမှာ ဇော်ဂျီနဲ့ မင်းသုဝဏ်ရဲ့ ခေတ်စမ်းကဗျာတွေ သီးခြားအရသာနဲ့ သီးခြား တည်ရှိနေခဲ့သလိုမျိုး။ 'ဆွမ်းအုပ်နီနီ အမေရွက်လို့ မနက်ဖြန်မနက် ကျောင်းတက်မယ်'တဲ့၊ 'လယ်စောင့်တဲလေး ခြေတံရှည် မိုးကုပ်အောက်မှာတည်'တဲ့။ ပေါ်ဦးသက်ရဲ့ ပန်းချီလက်ရာတွေနဲ့ဆို

mgyoe.com

mgyoe.com SAMPLE BOOK

ကွက်တိပေါ့။ သူတို့ရဲ့ ကဗျာတွေ၊ ပန်းချီတွေထဲက ဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေကို အဲဒီတုန်းက ဘယ်သူက မေးခွန်းထုတ်ဖို့ တွေးနေမှာတုံး။ ရွာကျောင်း အလယ်တန်းပြထမင်းဝိုင်းပေါ်က ဆီပြန်ဟင်း ငါးဖယ်လုံးကြော်ကြာဆံသုပ်၊ ငါးပိရည်နဲ့ တို့စရာတွေဟာ KFC က ဟမ်ဘာဂါ၊ အီတလီက စပါဂတီ စားပြီးလည်း သီးခြား အရသာရှိနေတာတွေ မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်တို့ လူနေမှုဘဝ ပုံစံတွေဆိုတာ စားစရာတွေလို သီးခြားအရသာနဲ့ မရပ်တည်နိုင်ပါဘူး။ နှစ်တွေ ရွှေ့လျားလာပြီးတဲ့နောက် အခြားနိုင်ငံက ယဉ်ကျေးမှုလှိုင်းလုံးတွေက ကျွန်တော်တို့ မြို့ရဲ့ ကမ်းရိုးတန်းဆီ ရိုက်ပုတ် ဝင်ရောက်လာခဲ့တာပါပဲ။ ကျွန်တော်တို့က ကိုယ်ခံအား မကောင်းတဲ့အခါ တိုင်းတစ်ပါး ယဉ်ကျေးမှုတွေဆီက အပေါ်ယံဆန်မှုနဲ့ အမှိုက်သရိုက်တွေကိုသာ ရရှိပြီး အနှစ်သာရနဲ့ အမြုတေတွေကိုတော့ မယူနိုင်ခဲ့ကြပါဘူး။ ကျွန်တော်တို့လက်ထဲ စမတ်ဖုန်းနဲ့ ဆိုရှယ်နက်ဝေါ့ခ် ရောက်လာခဲ့ပေမဲ့ ကိုလိုနီခေတ်လောက်က အတွေးအခေါ်တွေ၊ အယူသီးမှုတွေက ပိုလို့တောင် အားကောင်းလာနေတုန်းပဲလေ။

ဆိုလိုတာက ကျွန်တော့်ရဲ့ ငယ်ဘဝနဲ့ အတိတ်ကာလတွေမှာတော့ မြန်မာသံ ဂန္ထဝင်တေးတွေနဲ့ မာမာအေးရဲ့သီချင်းသံ နောက်ခံနဲ့ တည်ငြိမ်အေးချမ်းတဲ့ နေ့ရက်တွေ ရှိခဲ့တယ်။ ဘဝတွေဟာ သီးခြား ဖြစ်တည်နေခဲ့ပြီး သီးခြား အရသာ ရှိနေခဲ့တယ်။ ခုတော့ အရသာတွေဟာ ရောယှက်သွားခဲ့ပြီ။ ကျွန်တော်တို့ရဲ့ လူနေမှုပုံစံဟာ ဟမ်ဘာဂါ ကြားမှာ ငါးပိညှပ်စားသလို ဖြစ်နေခဲ့ပြီ။ K Pop ဖက်ရှင်နဲ့ အမိမြန်မာဟာ ထူးခန့်ကျော်ဆီမှာ ပယောဂ ကုဖို့လည်း သွားတန်းစီနေခဲ့ပြီ။ ဥရောပစတိုင် ဘားဆိုင်ကြီးထဲမှာ ထန်းရည်ဝိုင်းမှာ က,သလို က,နေကြတုန်းပဲ။ ဘုန်းကြီးကျောင်းတွေကလည်း ဆရာဇော်ဂျီရဲ့ ကဗျာနဲ့ ပေါ်ဦးသက်ရဲ့ ပန်းချီထဲကလို မဟုတ်တော့ဘူး၊ စီးပွားရေးသမားတွေရဲ့ ဟိုတယ်ကြီးတွေလို ဖြစ်ကုန်ပြီ။ ကျွန်တော်တို့ဟာ ယဉ်ကျေးမှုလမ်းပေါင်းစုံ လျှောက်သွားပြီး လမ်းပျောက်နေခဲ့ပြီ။

၂၀၁၉ တုန်းက မိတ်ဆွေတစ်ယောက် ကျေးဇူးနဲ့ အိမ်နီးချင်း

mgyoe.com

mgyoe.com

ထိုင်းနိုင်ငံရဲ့ မြို့အတော်များများကို ရောက်ဖူးတယ်။ သူတို့လည်း ဒီနေ့အထိ အမျိုး ဘာသာ သာသနာကို စောင့်ထိန်းကြတုန်းဆိုတာ တွေ့ရတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကောင်းမွန်တဲ့ ပညာရေးစနစ်၊ ကျန်းမာရေးစနစ်၊ စီးပွားရေးအခြေအနေတွေက သူတို့ရဲ့ နတ်ကွန်းတွေ၊ စေတီဘုရားတွေ၊ ဘုန်းကြီးကျောင်းတွေကို သန့်စင်စေတယ်၊ ကျက်သရေရှိစွာနဲ့ တည်ရှိစေတယ်၊ သာသနာ့ဝန်ထမ်းတွေ ဘာသာရေးသမားတွေကို ဣန္ဒြေရစေတယ်။ သူတို့ ယုံကြည်ကိုးကွယ်မှု မှန်တာ မှားတာက တစ်ပိုင်း၊ ဒေါ်သထွက်နေသော လူအုပ်ကြီး မဟုတ်တာတော့ သေချာတယ်။ ချင်းရိုင်ကဘုရားဖြူစေတီမှာ ဟောလိဝုဒ်က ပေါ့ပ်ဟီးရိုးဇာတ်ကောင်တွေ ရေးဆွဲထုလုပ်ထားတာပဲ ကြည့်။ မိခင် ယဉ်ကျေးမှု ဓလေ့စရိုက်တွေလည်း မပျောက်စေရ၊ ဂလိုဘယ်ယဉ်ကျေးမှုမှာလည်း နောက်ကျ မကျန်စေရ။ အမျိုးဘာသာ သာသနာ ဦးထိပ်ပန်ဆင်ရင်း လမ်းဆုံးနေမှုကြီးလည်း မဖြစ်စေရ။ ဆီကျူုရယ်လတီ (secularity) အခြေနေကို မပျောက်ဆုံးစေရ။ သင်္ဘောသီး ရှမ်းထောင်း (Somtum) အရသာသက်သက်နဲ့ နိုင်ငံခြားသားရဲ့ လျှာတွေကို ဆွဲဆောင်နိုင်ရမယ်။ မွေထိုင်း လက်ဝှေ့နဲ့ပဲ ဟောလိဝုဒ်အထိ ထိုးဖောက်နိုင်ရမယ်။ အဆောင်တွေ၊ လက်ဖွဲ့တွေ၊ ပယောဂ ပူးတာတွေကို foundfootage ဟော်ရာဖလင်အဖြစ် ရိုက်ကူးပြီး နိုင်ငံတကာ ရုပ်ရှင်ဆုတွေအထိ ယူနိုင်ခဲ့တယ်။ ကျွန်တော်တို့ဆီမှာ ဖေ့စ်ဘုတ် Live ကို အသုံးချပြီး သရဲရှာလို့ ကောင်းတုန်း။

ဒီဘက်နှစ်တွေမှာတော့ ကျွန်တော်တို့ရဲ့ ဘဝနေပုံတွေနဲ့ ခံစားချက်တွေဟာ လူမှုကွန်ရက်ပေါ်က အခြေအနေတွေနဲ့ သိပ်မကွာတော့ဘူးလို့ မြင်မိတယ်။ မောင်ချောနွယ် ကဗျာထဲကလိုပဲ အပေါ်ယံ ဆိုပေမဲ့ အပေါ်ယံမှာပဲ ကျဆုံးခဲ့ကြတယ်။ ကျွန်တော်တို့ဟာ အနက်ရောင် ပရိုဖိုင်ချိန်းလိုက်၊ ကမ်းခြေမှာ ခုန်ပေါက်နေပုံ တင်လိုက်၊ စိတ်ဓာတ်တွေက ဒရုန်းလို ပျံတက်သွားလိုက်၊ ဖုံးကြိခံရတဲ့ အိမ်လို ပြိုကျသွားလိုက်နဲ့။ မနေ့ညကတော့ ကျွန်တော် (ဒေါ်) မာမာအေးရဲ့ သီချင်းတွေ ပြန်နားထောင်ကြည့်မိတယ်။ သီချင်းထဲက တေးသံတွေက ကျွန်တော့်ကို ဘယ်လို

mgyoe.com

mgyoe.com SAMPLE BOOK

ကာလ၊ ဒေသဆီ ခေါ်ဆောင်သွားမလဲ ကျွန်တော် အသာလေး ငြိမ်သက်ပြီး စောင့်နေလိုက်တယ်။

စိတ်ရဲ့ ပိတ်ကားပေါ်မှာ အရုပ် စ ထင်လာတယ်။ ၈၀ ပြည့်နှစ်များရဲ့ နှစ်တစ်နှစ်ပေါ့။ မြို့ရဲ့ မြစ်တစ်ဖက်ကမ်းက ရွာအလှူပွဲကို သွားနေတဲ့ လှေတစ်စင်းပေါ်မှာ ကျွန်တော် ရောက်နေတယ်။ လှေပေါ်မှာ ကျွန်တော့်ရဲ့ အဘိုးအဘွားတွေနဲ့အတူ ဆွေမျိုးသားချင်းနဲ့ အိမ်နီးနားချင်းတွေပါ အများကြီး ပါလာတယ်။ နေရောင်က ငြိမ်သက်လို့၊ လေက ပူနွေးလို့၊ လေထဲမှာ ပင်လယ်ဆားနံ့သင်းလို့၊ ကျွန်တော်တို့ လှေအောက်က ထွက်သွားတဲ့ စိမ်းဝါရောင် ရေလှိုင်းငယ်လေးတွေက မြစ်ကမ်းပါးတစ်လျှောက်မှာ ရှိနေတဲ့ ဓနိပင်တန်းတွေကို အသာအယာ ရိုက်ပုတ်လို့။ ကျွန်တော်တို့ လိုက်ပါလာတဲ့ လှေကလေးက ရွာရှိရာ ကျွန်းနဲ့ တဖြည်းဖြည်း နီးလာတယ်။ ရွာလေးကို သဲကွဲစွာ မမြင်ရခင် ရွာလေးဆီက သီချင်းသံသဲ့သဲ့ကို ကြားရတယ်။ အလှူမဏ္ဍပ်ဆီကနေ လော်စပီကာနဲ့ ဖွင့်ထားတဲ့ မာမာအေးရဲ့ တေးသီချင်းသံပေါ့။ လှေက မြစ်လယ်မှာဆိုတော့ တေးသံက လေယူရာအတိုင်း တိုးသွားလိုက်၊ ကျယ်လာလိုက်နဲ့ပေါ့လေ။ ကျွန်တော်က အဲဒီတုန်းက အီးတီ (၁၉၈၂) ရုပ်ရှင်ကို ကြည့်ထားဖူးတယ်။ ရုပ်ရှင်ထဲက မြို့လေးကို အရမ်း သဘောကျနေမိတယ်။ ဒါပေမဲ့ အခု လှေပေါ်ကနေ မြင်ရတဲ့ ရွာလေးကလည်း ကျွန်တော့်ကို အီးတီနဲ့ အိလိယော့ရဲ့ အမေရိကန်မြို့လေးထက်တောင် ဆွဲဆောင်နေသေးတယ်။ မြန်မာနိုင်ငံရဲ့ တောင်ဘက်စွန်း ကျွန်းလေးတစ်ကျွန်းပေါ်က မထင်မရှား ရွာငယ်လေးတစ်ရွာပါပဲ။ ဒါပေမဲ့ သူ့မှာ သီးခြားအလှ၊ သီးခြားဆွဲဆောင်မှု ရှိနေတယ်လေ။ မာမာအေးရဲ့တေးသံ တဖြည်းဖြည်း ကြည်လင် ပြတ်သားလာတာနဲ့အမျှ အတိတ်က မြန်မာရနံ့ အပြည့်နဲ့ ကျေးလက်ရွာလေးက ကျွန်တော့်ရဲ့ အမြင် အာရုံထဲ တဖြည်းဖြည်း နီးကပ် ပီပြင်လာတော့တယ်။

■

၂၀၂၄။

နောက်ခံတေး – မာမာအေးရဲ့ 'ကြည်နူးဖွယ် နံနက်ခင်းတေးများ'

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်းမြို့ပေါ်မှ ဂီတသမား မှတ်စု

တစ်နေ့က ကျော်ထင်ဦးရဲ့ 'အချစ်ဖွဲ့လမ်း' (၁၉၉၃) စီးရီးကို ပြန်နားထောင်ရင်း စဉ်းစားမိတယ်။ နှစ်ပေါင်း သုံးဆယ်အတွင်း ငါတို့ မြိတ်မြို့ကနေ ထွက်ခဲ့တဲ့အထဲ အောင်မြင်ခဲ့တဲ့ အဆိုတော် ဘယ်သူ ရှိသလဲပေါ့။ ရှေး မြိတ်သူမြိတ်သားတွေရဲ့ နှလုံးသားထဲ လည်ပတ်ဆဲ ကက်ဆက်ခွေတွေဆိုရင် အောင်နိုင် (ပန်းခရမ်းပြာ) နဲ့ မေမီလင်း ရှိလိမ့်မယ်။ နောက် (ကို) ဘိုငယ်တစ်ယောက် ရှိမယ်။

ပေါ့ပ်၊ ရော့ခ်၊ အော်လ်တာနေးတစ် အပါအဝင် ယိုးဒယားသီချင်း ၁၁ ပုဒ်ကို ကော်ပီယူပြီး IC နဲ့ တီးထားတဲ့ ဘိုငယ်ရဲ့ 'ပြေးလမ်း' စီးရီး အကြောင်းကို အလက်ဘမ်မှာ ဖတ်ရတယ်။ ၂၀၀၅ လောက်တုန်းက သူ့အခွေကို နားထောင်ဖူးတယ်။ 'သီချင်းလေး ဆုံးအောင် ဆိုမယ်' ဆိုတဲ့ သီချင်းကို ၂၀၁၂ မြိတ် DVD ဆိုင်ထုတ် လက်ရွေးစင် အခွေတွေမှာ ပြန်ပါလာတာ တွေ့ရတယ်။ ရွှေကျော်ကျော် စာသားနဲ့ အသက်သွင်းထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ 'အနီရောင်စက်ဘီး' သီချင်းပေါ်မှာ ကျွန်တော် ဒီနေ့အထိ လိုက်ပါတုန်းပဲ။

ကိုကျော်ထင်ဦး ကျတော့ သူ့ရဲ့ 'အချစ်ဖွဲ့လမ်း' ထွက်ချိန်မှာ ကျွန်တော်က တီဗီဂိမ်း ဆော့လို့ ကောင်းတုန်းအရွယ် ဖြစ်တယ်။ မိုက်ကယ် ဂျက်ဆင်ရဲ့ childhood သီချင်းထဲမှာ ကလေးတွေကို အိပ်မက်ရွက်လှေတွေက လာခေါ်သွားသလိုပဲ။ ကျွန်တော် ခုနစ်တန်းလောက်မှာ ဇော်ဝင်းထွဋ်နဲ့ လေးဖြူက ရော့ခ်ရွက်လှေကြီးနဲ့ လာခေါ်သွားတယ်။ ကျွန်တော် တက္ကသိုလ်ရောက်လို့ စီဒီတွေ၊ အမ်ပီသရီးတွေနဲ့ ဂီတအပေါ် ရူးသွပ်မှု အမြင့်ဆုံး ရောက်နေချိန် ကျော်ထင်ဦးရဲ့ 'အချစ်ဖွဲ့လမ်း'ဟာ အခြား ကက်ဆက်ခွေ မြောက်မြားစွာနဲ့အတူ အိမ်ရဲ့ ထောင့်တစ်နေရာမှာ ပျောက်ဆုံးနေခဲ့ပြန်တယ်။ ကျော်ထင်ဦးကို ခင်ဗျားတို့တော့ ကြားဖူးချင်မှ ကြားဖူးမယ်။ သူ့အခွေက သိပ်လည်း မပေါက်ခဲ့ပါဘူး။ သူ့ရှေ့မှာ စိုးလွင်လွင်ရဲ့ (အကောင်းဆုံးအခွေလို့ ပြောလို့ ရတဲ့ ) 'သံစဉ်သစ်' ရှိတယ်၊ သူ့နောက်မှာ စတီရီယို ဂီတသမိုင်းမှာ ဘယ်သူမှ စံချိန် မချိုးနိုင်ခဲ့တဲ့ ဗဒင်ရဲ့ 'နေရာ' ရှိတယ်၊ ၉၃ တစ်နှစ်တည်းမှာတော့ ဇော်ဝင်းထွဋ်ရဲ့ 'နေရာသစ်' နဲ့ လေးဖြူရဲ့ 'ကန္တာရလမင်း' ရှိတယ်။ အဲဒီကာလတုန်းကတော့ ရွေးချယ်စရာ အများကြီး မရှိလှသလို ရွေးချယ်စရာ ရသွားပြီဆိုရင်လည်း ကျန်တာတွေ လစ်ပြီပဲ။ အောင်နိုင် (ပန်းခရမ်းပြာ) နဲ့ မေမီလင်းတို့ရဲ့ အသံတွေ တစိမ့်စိမ့်နဲ့ ပျံ့နှံ့နေပေမဲ့ ကျော်ထင်ဦးကတော့ လူမသိ သူမသိ ဖြစ်သွားခဲ့ရတဲ့ ကက်ဆက်ခွေခေတ် အဆိုတော် မြောက်မြားစွာထဲက တစ်ယောက် ဖြစ်သွားခဲ့တယ်။

ကျွန်တော်တို့ မြို့က ထွက်တဲ့ သီဆိုသူ၊ တီးခတ်သူတွေထဲမှာပဲ စဉ်းစားကြည့်တာပါ။ ကျွန်တော့်အမြင်မှာတော့ နှစ်ပေါင်း သုံးဆယ် အတွင်း ကျွန်းမြို့ပေါ်က ထွက်သမျှမှာ အောင်နိုင်၊ မေမီလင်းတို့လိုပဲ ကိုကျော်ထင်ဦး၊ ကိုဘိုငယ်တို့ဟာလည်း ဟောဒီ ကျွန်းမြို့က ထွက်တဲ့ ဂီတပုလဲလုံးတွေပါပဲ။ လွန်ခဲ့တဲ့ လေးလ လောက်ကမှ ၇၀-၈၀-၉၀ ကျေးဇူးနဲ့ 'အချစ်ဖွဲ့လမ်း'ကို ပြန်နားထောင်ရပြီး ကျော်ထင်ဦးရဲ့ အသံက ကျွန်တော့်ရင်ထဲ တိုက်ရိုက် ပြန်ရောက်သွားတယ်။ ခင်မောင်တိုးရဲ့

mgyoe.com

mgyoe.com


ဆိုဟာန် လွှမ်းမိုးမှု နည်းနည်းရှိတာက လွဲရင် သူ့အသံမှာ တစ်ခုခု ရှိနေတယ်။ 'တစ်ခုခု' ဆိုတာက ဂီတသင်တန်းတွေ၊ ကျောင်းတွေမှာ သင်ပေးလို့ မရတဲ့ အရာပေါ့။ အတိုချုံး ပြောရရင်တော့ သူဟာ အဆိုတော် တစ်ယောက် ဖြစ်ခဲ့တယ်။ သူ့အသံမှာ အနုပညာ ပါတယ်။ အခုချိန် ပြန်နားထောင်ကြည့်ရင်တော့ ခင်ဗျားက ပြောမယ်၊ ပျင်းစရာကြီးပါဗျာလို့။ သူ့ရဲ့ 'အချစ်ဖွဲ့လမ်း'ဟာ ဒီနေ့ခေတ် ဂီတတွေနဲ့စာရင် ပြတိုက်ထဲက ဓာတ်ပြားဟောင်းကြီးလို ဖြစ်နေခဲ့ပါပြီ။ ဒါပေမဲ့ တစ်ခု မေးစရာရှိတာက ဂီတ အမျိုးအစားသစ်တွေကို ဖန်တီးခဲ့တဲ့ ကျွန်းမြို့သူမြို့သားတွေရဲ့ သီချင်းတွေဟာ အောင်နိုင်၊ မေမီလင်း၊ ကျော်ထင်ဦးတို့ ခေတ်က သူတို့ သီချင်းတွေ ရင်ထဲ ရောက်ခဲ့သလောက် ရောက်ခဲ့ကြသလား ဆိုတာကိုပဲ။ ကျွန်းမြို့သား အဆိုတော်တစ်ယောက်ရဲ့ သီချင်းကို ကျော်ထင်ဦးခေတ်က အိမ်တွေ လက်ဖက်ရည်ဆိုင်တွေမှာ ဖွင့်ခဲ့ကြသလို ဖွင့်နေကြရဲ့လား။ တစ်နိုင်ငံလုံးကို အသာထား။ ကျွန်းမြို့ပေါ်က လူတွေ သတိတရ နားထောင်နေ၊ ဆိုညည်းနေတာမျိုး ကြုံဖူးလား။ ဒီနေ့ ကျော်ထင်ဦးရဲ့ 'သဘောရိုး' သီချင်းကို နားထောင်ရင်း ကျွန်တော် လိုက်ဆိုနေမိသလိုမျိုးပေါ့။




mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်းမြို့မှာ ရော့ခ်လိုင်း၊ ပေါ့ပ်လိုင်း၊ အာအမ်ဘီနဲ့ ရက်ပ်လိုင်း ခပ်စုံစုံ ရှိခဲ့ပေမဲ့ သူတို့ သီချင်းတွေက ဆိုရှယ်မီဒီယာ အားကိုးနဲ့ ခဏ တာ မြင်ကြ၊ နားထောင်ကြည့်ကြ၊ အသည်းတွေ ပေးကြပြီးရင် မေ့ပျောက် ကုန်ကြတာပဲလေ။ တကယ်တော့ အောင်နိုင်၊ မေမီလင်း၊ ကျော်ထင်ဦး၊ ဘိုငယ် ဆိုတဲ့ မြိတ်သား အဆိုတော်တွေကို ကျွန်တော် လက်ခံမိနေတယ် ဆိုတာလည်း ခေတ်ကာလနဲ့ အများကြီး ဆိုင်သေးတယ်။ ၂၀၀၀ ပြည့်နှစ် တွေထဲမှာ ဖြစ်ဖြစ်၊ ၂၀၁၀ နှောင်းပိုင်းခေတ်တွေမှာ ဖြစ်ဖြစ် သူတို့ ဂီတ လောကထဲ ဝင်မယ်ဆိုရင် သူတို့ဟာ သူတို့ ဖြစ်ချင်မှ ဖြစ်တော့မှာ။

**ကမ္ဘာမှာ မကြားဖူးတဲ့ စတီရီယိုတေး**

မြန်မာ့ ဂီတလောကမှာ သိပ်ထူးခြားတဲ့ စတီရီယိုခေတ် စတီရီယို တေးဂီတဆိုတာ ရှိခဲ့တယ်။ ၁၉၇၀ ကနေ ၂၀၀၀ လောက်အထိ ဆိုပါတော့။ တက္ကသိုလ်ထွန်းနောင်၊ မင်းမင်းလတ်၊ ဘိုဘိုဟန်၊ ပလေးဘွိုင်၊ Electronic Machine ကနေ လေးဖြူအထိ အကျုံးဝင်တဲ့ ခေတ်လို့လည်း ပြောလို့ ရ၊ အမျိုးအစားလို့လည်း ပြောလို့ ရပါတယ်။ ၇၀ ပြည့်နှစ်တွေ မတိုင်ခင် သူ့ရှေ့က ဓာတ်ပြားထဲက အသံတွေ၊ ရေဒီယိုထဲက အသံတွေ၊ နေရှင်နယ် အသံ ကဲတဲ့ အသံတွေနဲ့ မတူပဲ ဖောက်ထွက်ပြီး ကွဲပြားစွာ ထွက်ပေါ် လာတဲ့ အသံတွေပေါ့။ ရေဒီယိုနဲ့ အသံသွင်းစနစ်ချင်း ကွဲပြားတဲ့ စတီရီယို စနစ်နဲ့ အသံဖမ်းကြတဲ့ သီချင်းတွေ ဖြစ်တာကြောင့် စတီရီယိုတေး၊ စတီရီယိုဂီတလို့ ခေါ်ခဲ့ကြပေမဲ့ အသံဖမ်းစနစ်နဲ့အတူ လူငယ်တွေရဲ့ ဂီတအသံ ထွက်မှုကပါ တစ်ပြိုင်နက် ပြောင်းလဲခဲ့ကြတာ ဖြစ်လို့ စတီရီယို ဂီတဆိုတာ မိုနို မဟုတ်ခြင်းဆိုတာထက် ပိုတဲ့ ဂီတအမျိုးအစား (genre) တစ်ခုလိုတောင် သိမှတ် နားလည်ခဲ့ကြတာ ဖြစ်တယ်။ အဲဒီတုန်းက စတီရီယိုဂီတဟာ အရှုးချီးပန်းဂီတ၊ သရပ်ပျက်တေး၊ လမ်းသူရဲသီချင်း စသဖြင့် အခြား နာမည်ပျက်တွေကိုလည်း ရခဲ့သေးတာပေါ့။ ကြမ်းတမ်းတဲ့ လမ်းကို ဖောက်ခဲ့၊ လျှောက်ခဲ့ကြပြီးနောက် စတီရီယိုဂီတ စတီရီယိုခေတ် ဟာ ၉၀ ပြည့်နှစ် အကုန်တွေမှာတော့ လူတိုင်းရဲ့ နှလုံးသားနဲ့ ယဉ်ပါး

mgyoe.com

သွားတဲ့ ပင်မရေစီး ဖြစ်သွားပြီ။ သရုပ်ပျက် သီချင်းပါလို့ ဆိုခဲ့ရင်လည်း တစ်နိုင်ငံလုံးက သရုပ်ပျက်ကုန်ပြီလို့ ပြန်ပြောရလိမ့်မယ်။ စိုင်းထီးဆိုင်၊ ခင်မောင်တိုး သီချင်းတွေဆိုတာ ၉၀ ပြည့်နှစ် မြန်မာပြည်က နေ့ရက်တွေရဲ့ နောက်ခံ ဇာတ်ဝင်သီချင်းလိုတောင် ဖြစ်ကုန်ပြီပဲ။ ဒီလိုနဲ့ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်တွေ ရောက်လာချိန်မှာတော့ လူငယ်တွေဟာ နောက်တစ်ခုကို ထပ်တောင်း၊ ထပ်ဆာလောင်နေခဲ့ကြပြန်တယ်။ ကျွန်တော်ပြောချင်တာက အခုမှ စတယ်။

၂၀၀၀ ပြည့်နှစ် ဝန်းကျင်တွေမှာ အပြိုင်းအရိုင်း ပေါ်ပေါက်လာတဲ့ အော်လ်တာနေးတစ် သီချင်းတွေ၊ မော်ဒန်ရော့ခ်နဲ့ ဟစ်ဟော့ပ် အယ်လ်ဘမ်တွေကိုတော့ ဘယ်သူမှ စတီရီယိုဂီတလို့ ခေါ်မနေတော့ဘူး မဟုတ်လား။ လူငယ်မျိုးဆက်တွေရဲ့ အာရုံခံစားပုံတွေရော၊ ဂီတတွေပါဟာ ကမ္ဘာကြီးနဲ့ ကူးလူးဆက်စပ်မှု ရှိလာခဲ့ပြီ။ ၂၀၁၀ လွန်လာပြီး အချိန်တွေကနေ လည်ပြန် ကြည့်လိုက်ရင်တော့ စတီရီယို တေးဂီတဆိုတာ ကမ္ဘာ့ဂီတရေစီးနဲ့ အဝေးကြီးမှာ ကျန်နေခဲ့တဲ့ သီးခြား ဂီတအမျိုးအစားတစ်ရပ် အဖြစ် ပြန်မြင်ရလိမ့်မယ်။ မင်းမင်းလတ်၊ ပလေးဘွိုင်သန်းနိုင်၊ စိန်လွင်၊ ခမ်ဝမ်း၊ ဘိုတောက်၊ ထူးအိမ်သင်၊ ဒဲရစ်မေလာ၊ ဇော်ဝင်းထွဋ်၊ လေးဖြူ၊ ဟယ်ရီလင်း၊ ချစ်ကောင်း စတဲ့ အနောက်တိုင်းဂီတ လွှမ်းမိုးမှုပါတဲ့ ပေ့ါပ်၊ ရော့ခ်၊ ဘလူးစ် ဂီတသမားတွေရယ်၊ အခြားတစ်ဖက်က မင်းအောင်၊ အနိုင်၊ အောင်သူ စတဲ့ မြန်မာသံ ကဲတဲ့ အလွမ်းတေးသမားတွေရယ် ခဏ မေ့ထားကြည့်လိုက်ရင် မြန်မာ စတီရီယိုဂီတ စတီရီယိုတေးမှာ သီးခြား အရသာ၊ ထူးခြားတဲ့ ဂီတပုံစံတစ်ခု ရှိနေတာကို တွေ့ရလိမ့်မယ်။ ကျွန်တော့်တစ်ယောက်တည်း အမြင်ကို ပြောရရင်တော့ အဲဒီ စတီရီယိုတေးဂီတလို့ ဆိုနိုင်တဲ့ သီချင်းအမျိုးအစားတွေကို စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ မြန်မာပြည်သိန်းတန်၊ ကိုင်ဇာ၊ လွှမ်းမိုး၊ မွန်းအောင်၊ ခိုင်ထူး၊ စိုးလွင်လွင်၊ ဂျေမောင်မောင်၊ နေမျိုးဆေး၊ ဖိုးချို၊ ဗလ၊ ဗဒင် စတဲ့ အဆိုရှင်တွေရဲ့ သီချင်းတွေမှာ အများဆုံး တွေ့ရလိမ့်မယ်။ ကောင်း မကောင်း၊ ကြိုက် မကြိုက်တွေ ခဏထား၊ မြန်မာပြည်က စတီရီယိုဂီတဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK




ဘာလဲ မေးလာရင်တော့ ကျွန်တော့်အနေနဲ့ သူတို့ရဲ့ သီချင်းတွေကိုပဲ ထုတ်ပြရလိမ့်မယ်။ သူတို့ သီချင်းတွေမှာလည်း အနောက်တိုင်းဂီတ လွှမ်းမိုးမှု အနည်းနဲ့ အများ ပါတယ်ဆိုပေမဲ့ ကိုယ်ပိုင်သံစဉ်ကို ဦးစား ပေးသူတွေ ဖြစ်တာကြောင့်မို့လားတော့ မပြောတတ်။ သူတို့ သံစဉ်၊ သူတို့ စာသား၊ သူတို့ အသံထွက်တွေမှာ ကိုယ်ပိုင် စတိုင်တစ်ခုက ထူးထူးခြားခြား ပါရှိနေခဲ့တယ်။ တစ်နည်းအားဖြင့် စတီရီယိုတေးဟာ ၇၀–၈၀–၉၀ ပြည့်နှစ် မြန်မာတွေရဲ့ မြို့ပြဘဝနေမှု၊ မြို့ပြအာရုံခံစားမှု တွေနဲ့ ခွဲခြားမရအောင် ဖြစ်ခဲ့တယ်။ နိုင်ငံခြားသားတစ်ယောက်က ရှေး ခေတ်ပြားသီချင်းတွေ၊ ရေဒီယို သီချင်းကြီးတွေ၊ တွံတေးသိန်းတန်တွေ၊ ပြည်လှဖေတွေ မဟုတ်ဘဲ မြန်မာ ခေတ်ပေါ်တေးစစ်စစ် တစ်ပုဒ်ကို ဖွင့်ပြပါဆိုရင် ကျွန်တော် သူတို့ သီချင်းတွေကိုပဲ ညွှန်းရလိမ့်မယ်။ ၇၀ –၈၀–၉၀ မတိုင်ခင်က မြန်မာ့ဂီတဟာ အမျိုးသားဟန် ကဲလွန်းနေခဲ့ပြီး ၇၀–၈၀–၉၀ နောက်ပိုင်းမှာတော့ နိုင်ငံတကကာ ဆန်လွန်းနေခဲ့ပြန်ပြီလေ။ အဲဒီကြားထဲမှာ စတီရီယို တေးသီချင်းတွေဟာ ထူးခြားလှပစွာ ရှိနေခဲ့ တယ်လို့ ကျွန်တော် မြင်မိတယ်။

mgyoe.com

mgyoe.com

**စတီရီယိုခေတ် မြိတ်သား အဆိုတော်များ**

၈၀–၉၀ ပြည့်နှစ်တွေမှာ ထွက်ရှိခဲ့တဲ့ အောင်နိုင်၊ မေမီလင်း၊ ကျော်ထင်ဦးရဲ့ သီချင်းတွေဟာလည်း စတီရီယိုခေတ် တေးဂီတပုံစံတွေထဲက တစ်ခုအဖြစ်ပဲ ထွက်လာခဲ့တယ်။ စတီရီယိုတေးသီချင်း အမျိုးအစားတွေကိုပဲ သီဆိုသွားတာဖြစ်လို့ သူတို့ရဲ့ အောင်မြင်မှုကိုလည်း အဲဒီသီချင်းအမျိုးအစားမှာ ရှိပြီးသား စံတွေနဲ့ တိုင်းတာရုံပဲလေ။ သူတို့ဟာ ရက်ပ် မဆိုတတ်ဘူး၊ အော်လ်တာလို မလွတ်လပ်ဘူး၊ အီလက်ထရိုကို သုံးမထားဘူး၊ screaming တွေ မရဘူး ဆိုတာမျိုးတွေနဲ့ နှိုင်းယှဉ် ပြောစရာ မလိုတော့ဘူး။ ဒီနေ့ခေတ်မှာတော့ ဒီလောက် မရိုးရှင်းတော့ဘူး။

**စတီရီယိုခေတ် အလွန် ကျွန်းမြို့သား**

ကျောင်းပြီးရင်တော့ ငါ နာမည်ကြီး အဆိုတော်တစ်ယောက် ဖြစ်နေလောက်ပြီလို့ အိပ်မက် မက်ခဲ့တဲ့ ဒီနိုင်ငံက အထက်တန်းကျောင်းသားတွေထဲ ကျွန်တော် တစ်ယောက်လည်း ပါခဲ့ဖူးတာပေါ့။ အိပ်မက်က နိုးတော့ ကျွန်တော်ဟာ ဝန်ထမ်းဘဝ ရုံးက စာရွက်စာတမ်းတွေ ကြားမှာ



mgyoe.com

mgyoe.com SAMPLE BOOK

ဇောချွေးပြန်နေတဲ့ လူလတ်ပိုင်းတစ်ယောက် ဖြစ်နေခဲ့ပြီ။ အခုကျတော့ သီချင်းဆိုခြင်း ဆိုလို့ ကျွန်တော့်ကလေး အိပ်ရာဝင်ချိန် ချော့သိပ်တဲ့ သီချင်းလောက်ပဲ ရှိတော့တာလေ။ အလယ်တန်းကျောင်းသားကတည်းက အဆိုတော်ရူး ရူးနေတဲ့ ကျွန်တော်တစ်ကောင် ဆယ်တန်းက စလို့ စတိတ် စင်တွေပေါ် တက်ခဲ့တယ်။ ၁၉၉၉ ခုနှစ်လောက်က စလို့ မြိတ်မြို့က တီးဝိုင်းထောင်ထားတဲ့ ဘဲတွေ တစ်ယောက်ပြီး တစ်ယောက်၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ကျွန်တော် တွေ့ခဲ့တယ်။

## အသံကြောင်သွားတဲ့ ကျွန်းမြို့သားတွေရဲ့ ဂစ်တာတွေ

စတွေ့ချိန်မှာတော့ အားလုံးက Axl Rose လိုလို၊ လေးဖြူ လိုလို တွေချည်းပါပဲ။ ကိုယ်ပိုင်သံစဉ်တွေ ချရေးနေသလိုလို၊ ရန်ကုန်က ပရိုဂျူဆာ တစ်ယောက်နဲ့ ချိတ်ထားပြီးသလိုလို ဒါမှမဟုတ် အမျိုးထဲက ဘောစိ တစ်ယောက်က အခွေထုတ်ပေးဖို့ ပြောထားပြီးသားလိုလို၊ တက်ကြွတဲ့ ကြက်ဖလေးတွေပေါ့လေ။ မာရဇ္ဇလည်း အစတုန်းက ဒီလိုပဲ။ ရန်ကုန်ကို စရောက်ချိန်မှာ လက်ထဲ ပိုက်ဆံ နှစ်ရာ့ငါးဆယ်ပဲ ရှိတယ် ဆိုလား၊ စိတ်ဓာတ်မကျနဲ့ ဒီလိုပဲ စခဲ့ရတာပဲ၊ ဘာညာ လျှောက်ပြောပြီး နောက်တော့ မာရဇ္ဇသာ အိုသွားတယ်၊ သူတို့ကျတော့ ဘယ်တွေ ရောက် သွားမှန်း မသိ။ ဂီတသမားတွေသာ ဖြစ်မလာကြတာ၊ တချို့ဆို သိန်း နှစ်ထောင့်ငါးရာမက ပိုင်ဆိုင်တဲ့ စီးပွားရေးသမားတွေ ဖြစ်လာကြပြီး ဂီတသမားဘဝ ဆိုတာလည်း ကလေးဘဝက စိတ်ကူးယဉ်တဲ့ ကိစ္စတွေ ဖြစ်သွားကြလေရဲ့။ တချို့ကျတော့ သူတို့ရဲ့ လယ်သာရာကင်တွေ၊ ကယ်တာပယ်လာ ဖိနပ်ကြီးတွေ ချွတ်ပစ်၊ ဆံပင်ရှည်တွေ ညှပ်ပစ်လိုက် ကြပြီး မိဘလုပ်ငန်းကို ဆက်ခံရကောင်းမှန်း သိသွားတဲ့ သားလိမ္မာကြီး တွေ ဖြစ်ကုန်တော့တယ်။ သင်္ကြန်မဏ္ဍပ်မှာ တစ်နှစ်ပြီးတစ်နှစ် ကျွန်တော် နဲ့ သီချင်းအတူဆိုခဲ့တဲ့ ကောင်မလေးတွေလည်း နောက်ဆုံးတော့ အမြင် မှန် ရသွားသူတွေလိုလို ဘဝထဲ ပြန်ရောက်ကုန်ကြတယ်။ တချို့ကလည်း ဂီတလောကနဲ့ လုံးဝ ကင်းရှင်းတဲ့ သူဌေးပေါက်စ တချို့ရဲ့ သတို့သမီး

mgyoe.com

mgyoe.com

လေးတွေ ဖြစ်သွားကြတယ်။ တချို့ ဘီးဂျဲတွေကျတော့လည်း ကော့သောင်းက စားသောက်ဆိုင် စင်တင်မှာ တီးနေသလိုလို၊ ရန်ကုန်က တီးဝိုင်းခပ်ကြီးကြီး တစ်ဝိုင်းမှာ ပါနေသလိုလို။ တချို့ကျတော့လည်း ဘာသီချင်းတွေ ဘယ်လောက် ဖန်တီးထားမှန်းတော့ မသိ၊ ဆံပင်ရှည်ကြီးကို အလုပ်ရှုပ်ခံ ထားပြီး ငယ်တုန်းက ထူးအိမ်သင်နဲ့ အရက် အတူတူ သောက်ဖူးတဲ့အကြောင်း လူငယ်လေးတွေကို ဖိန့်လို့ ကောင်းတုန်းပဲ။ တချို့ကျတော့လည်း ဟစ်ဟော့ပ်တွေ၊ အော်လ်တာတွေကို ဆဲတယ်။ ငါတို့ ခေတ်က သီချင်းမှ အမှန်အကန်ဆိုပြီး မဲပြာပုဆိုး ကိုယ်ပိုင်သံစဉ်တွေ ဖေ့စ်ဘုတ်မှာ တင်တယ်။ တချို့ကလည်း ကိုယ်နဲ့ တွဲဆို၊ တွဲတီးရအောင် ကျေနပ်လောက်စရာဝိုင်း မရှိသေးလို့ နှစ်ပေါင်းများစွာ အနားယူနေသလိုလို။ တချို့ကျတော့ ပိုအောင်မြင်တဲ့ ဖေ့စ်ဘုတ်ဟာသ သရုပ်ဆောင် မော်ဒယ်လိုင်းကို ပြောင်းသွားတယ် ဆိုလား။ တချို့ကျတော့ ရသရဲ့သီချင်းတစ်ပုဒ်မှာ တစ်ပိုဒ်ကြီးများတောင် ဝင်ဆိုခဲ့ဖူးတယ် ဆိုလား။

အင်း ... ကျွန်တော့်ဘဝမှာ ဆုံဖူးတဲ့ ဂီတသမား သောင်းပြောင်းထွေလာထဲ ကျွန်တော် နည်းနည်း ဂါမိတဲ့ တစ်ယောက်တော့ ရှိတယ်။ ကိုညီထွေးတဲ့၊ ကီးဘုတ် ဆရာပါ။ ကီးဘုတ်ပေါ် သူ လက်တင်လိုက်ပြီးတဲ့နောက် သူတော်စင် တစ်ပါးလို ငြိမ်သက်ထည်ဝါသွားတတ်တာကို ကျွန်တော် ဘေးက အမြဲထိုင်ငေးနေခဲ့ရတယ်။ သူ့ကိုတော့ ကျွန်းမြို့သား တစ်ယောက်ထက် ပိုတဲ့ ဂီတသမားတစ်ယောက်အဖြစ်




mgyoe.com

mgyoe.com SAMPLE BOOK

မြင်တွေ့နိုင်ပါရဲ့။ ဒါပေမဲ့ သူ ရှုံးနိမ့်မှုတွေ၊ နာကျင်မှုတွေနဲ့ တဖြည်းဖြည်း မှေးမှိန်ပြီး ပျောက်ကွယ်သွားခဲ့တဲ့ အချိန်က အသက် ၄၅ ဝန်းကျင်လောက်ပဲ ရှိဦး မယ်လို့ဆိုရင် ခင်ဗျားတို့ အံ့သြမယ်လို့တော့ မထင်ပါဘူး။ ကျန်တဲ့ ကျွန်းမြို့သားတွေ စစ်မှန်တဲ့ ဂီတသမားတစ်ယောက်အဖြစ် ထိုးထွက် ဖူးပွင့်လာဖို့ သူတို့မှာ ဘယ်လို အနှောင့်အယှက် ပယောဂတွေ ရှိနေပါ လိမ့်လို့ ကျွန်တော် အမြဲ စဉ်းစားကြည့်တယ်။ ဂီတသမားဘဝကို စွန့်လွှတ်လိုက်ခြင်း၊ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ ယောင်ချာချာ လုပ်နေခြင်းဟာ စားဝတ်နေရေး အခက်အခဲကြောင့်ထက် ပိုခိုင်လုံတဲ့ အကြောင်းတရားတစ်ခု ရှိသေးတယ်ဆိုရင် အဲဒါက 'ကျွန်းမြို့သား ဖြစ် နေခြင်း' ပဲလို့ ကျွန်တော် မြင်တယ်။

**ကျွန်းမြို့သား အကြိုက် လိုင်းအေးဂီတ**

ကိုကျော်ထင်ဦးတို့ ခေတ်တုန်းကတော့ မပြောတတ်ဘူး။ ဒီနေ့ ခေတ်မှာတော့ ကျွန်းမြို့သား သိပ်ဆန်နေခြင်းဟာ ဂီတသမားတစ်ယောက် ဖြစ်လာဖို့ အနှောင့်အယှက်ဖြစ်နေတဲ့ အကြောင်းတရားပဲဆိုရင် ခင်ဗျား လက်ခံချင်မှ လက်ခံလိမ့်မယ်။ သေချာတာကတော့ ကျွန်းမြို့ရဲ့ ကောင်း ကင်မှာ တစ်နိုင်ငံလုံးက မြင်ရတဲ့အထိ တောက်ပခဲ့တဲ့ ဂီတကြယ်ပွင့် ဆိုတာ မရှိသေးတာပဲ။ ခင်ဗျားက မြန်မာအသံပဲ ဆိုမယ် ဒါမှမဟုတ် ပွဲတွေ လမ်းတွေမှာ အပျော်တမ်းပဲ ဆိုမယ်ဆိုရင်တော့ မပြောတတ်ဘူး။ ကျွန်းမြို့ရဲ့ မြို့ပြအပြင်ဘက် ရေးကျတဲ့ သဘာဝ ရွံ့တောထဲ ပေါက် ရောက်တဲ့ ဓနိပင်ကနေ ရရှိတဲ့ ဓနိရည်ချိုဆိုတဲ့ ဒေသထွက် အချိုရည် တစ်မျိုးလိုပေါ့လေ။ ဒါပေမဲ့ တကယ့် ဂီတကမ္ဘာကြီးထဲကို ဒီလောက်နဲ့ မရောက်ဘူး။ မြန်မာသံ မဟုတ်၊ စတီရီယို မဟုတ်တဲ့ တခြားသော ဂီတ အမျိုးအစားတွေဆိုတာ လယ်ကွင်းပြင်တွေ၊ စေတီတွေကြားက မွေးဖွား လာတာ တစ်ခုမှ မရှိဘူး။ ကျွန်တော်တို့ ကမ်းရိုးတန်းတွေ၊ ပင်လယ်တွေရဲ့ နှလုံးသားထဲက ထွက်လာတဲ့ အသံဆိုလို့ ကုလားကျား ဗုံသံနဲ့ ဆလုံ ရိုးရာတေးပဲ ရှိမယ်။ ကျွန်းမြို့သားဖြစ်မှုဟာ ဂီတနဲ့ပတ်သက်လာရင်

mgyoe.com

mgyoe.com
SAMPLE BOOK


၂၀၀၀ ပြည့်နှစ် မတိုင်ခင်အထိပဲ ရတယ်။ ၂၀၀၀ အလွန် ကမ္ဘာတစ်ဝန်းမှာ ပြောင်းလဲလာတဲ့ ဂီတတွေကို လိုက်မီနိုင်စွမ်း မရှိတော့ဘူးလို့ မြင်မိတယ်။ ကျွန်တော့် တစ်ယောက်တည်းရဲ့ အမြင်ပေါ့လေ။ ဂျက်စတင်ဘီဘာ၊ ဝက်စ်လိုက်ဖ်၊ ကမ္ဘာ့ဖလား သီချင်းတွေလောက်နဲ့တော့ ထည့်ပြောမနေပါနဲ့တော့။ ၂၀၁၀ နှောင်းပိုင်း မြိတ်မြို့မှာရှိတဲ့ ဒီဗီဒီဆိုင်တွေ၊ အမ်ပီသရီး/ဖိုး ကူးသွင်းတဲ့ ဆိုင်တွေမှာ အများဆုံး လာဝယ်ကြ၊ လာကူးကြတဲ့ သီချင်းတွေကို ကြည့်လိုက်ရင် ဒီမြို့က (လူအများစုရဲ့) ဂီတခံစားမှု လယ်ဗယ်ကို ခန့်မှန်းကြည့်လို့ ရနိုင်တယ်။ နိုင်ငံနဲ့တစ်ဝန်း ပေါက်နေတဲ့ ပေါ်ပင်သီချင်းတွေ အများဆုံး ဖြစ်နေလိမ့်မယ် ဆိုတာကတော့ ခန့်မှန်းစရာတောင် မလိုဘူး။ ကျွန်းမြို့သားတွေရဲ့ အကြိုက်က ဟောင်းခြင်း၊ သစ်ခြင်းတွေနဲ့လည်း မဆိုင်ဘူး။ ကျွန်းမြို့သားတွေ သိပ်ကြိုက်တဲ့ စားစရာ သောက်စရာတွေလိုပဲ။ ဂီတကို နားဆင်တဲ့ သူတို့ရဲ့ နှလုံးသားအာလယကလည်း နို့ဆီ ခပ်များများ၊ ရှာလကာရည် ခပ်များများ၊ ချဥ်ငန်စပ် ကဲကဲတွေပါပဲ။ တစ်ချိန်က ကျွန်းမြို့သားတွေ သိပ်ကြိုက်ခဲ့တဲ့ အောအေး/လိုင်းအေး (ကော်ဖီအေး တစ်မျိုး) လိုပဲ သူတို့ အနုပညာခံစားမှုဆိုတာ ချွဲပျစ် ချိုအီ မွှေးနေတတ်တယ်။ လူငယ်တွေကလည်း ရည်းစားစာသီချင်းလုပ်ဆိုထားတာတွေလောက်ကို သူတို့ အိုင်ဒေါတွေ ဖြစ်နေသလို လူကြီးတွေကလည်း ကေတီဗီမှာ ပြဇာတ်မင်းသား စတိုင်နဲ့ စိုင်းထီးဆိုင်သီချင်းတွေ၊ ခင်မောင်တိုး သီချင်းတွေ လျှောက်အော်ဆိုရတာကို သူတို့ကိုယ်သူတို့ အနုပညာ နှလုံးသားရှိသူတွေအဖြစ် ထင်မှတ်နေတတ်သေးတယ်။ ခေတ်ဟောင်းက သီချင်းတွေကမှ အနှစ်တွေလို့ ပြောတယ်၊ ဒါပေမဲ့ ထူးအိမ်သင်ရဲ့ 'အတ္တပုံဆောင်ခဲများ'ကို 'တစ်နေ့စာ အလွဲများ' လောက် ဘယ်သူမှ မသိကြဘူး။ ခင်ဝမ်းရဲ့ လက်ရွေးစင် သီချင်းတွေကို မာရဇ္ဇရဲ့ လက်ရွေးစင်တွေလောက် ဘယ်သူမှ မကြိုက်ကြဘူး။ စိုင်းခမ်းလိတ်ရဲ့ စာသား အဆီအနှစ်တွေကို အပေါ်ယံလောက်သာ သိကြပေမဲ့ အပေါ်ယံ သကာရည်လောက်ပဲရှိတဲ့ ဆောင်းဦးလှိုင်ရဲ့ စာသားတွေကို ကျတော့ အနှစ်လို့ ထင်နေကြတယ်။ အခုခေတ် သီချင်းတွေကို အနှစ်

mgyoe.com

mgyoe.com

မဲ့တယ်လို့သာ ပြောတယ်၊ သူတို့ကိုယ်တိုင်ကျ ဒဲရစ်မေလာကို မကြားဖူးဘူး။ မျိုးကျော့မြိုင်နဲ့ အယ်ဖြူ သီချင်းတွေကို နားမထောင်ဖူးဘူး။

၂၀၀၀ ပြည့်နှစ်အလွန်မှာ ကျွန်းမြို့သားနဲ့ ကမ္ဘာ့ဂီတ ကြားက gap က အကြီးကြီး ဖြစ်သွားပြီ။ ကျွန်းမြို့သား ဖြစ်မှုဟာ Modern Rock ကို သူတို့ရဲ့ လျှင်မြန်လှတဲ့ ဆိုင်ကယ်တွေနဲ့တောင် မလိုက်နိုင်ခဲ့ဘူး။ ကျွန်းမြို့သား တစ်ယောက်အတွက် Nu Metal ဆိုတာ သူ့နားထဲ သံတိုသံစတွေ ပြုတ်ကျနေသံလိုပဲ ဖြစ်နေလိမ့်မယ်။ ဟစ်ဟော့ပ်ရဲ့ Battle rhythm တွေဟာ ကျွန်းမြို့သားနားထဲမှာ သူတို့ကို သူတို့လိုပဲ အဆဲသန်တဲ့ ကောင်တွေ လာဆဲနေသလို ကြားရလိမ့်မယ်။ အော်လ်တာနေးတစ် နဲ့ Indie သီချင်းတွေကို ကျွန်းမြို့သား Tik tok လောက်တောင် စိတ်မဝင်စား။ ကျွန်းမြို့သားဟာ ပန့်ခ်သီချင်းခွေကို လက်ဖက်ရည်ဆိုင်ထဲကနေ ဝဲပစ်လိုက်ဖူးတယ်။ ကျွန်းမြို့သားဟာ ဘလူးစ်သီချင်းတွေ ကြားတော့ ဝါးခနဲ ထသမ်းတယ်။ Country ဂီတနဲ့ ပတ်သက်ရင်တော့ ကျွန်းမြို့သားဟာ စိုးပိုင် သီချင်းလောက်ပဲ သိတယ်။ New Age ဆိုရင်တော့ ကျွန်းမြို့သားက အမွေးတိုင်ကြော်ငြာထဲက တီးလုံးတွေလားလို့ မေးလိမ့်မယ်။ Unplugged ဖျော်ဖြေပွဲမှာ ဖုန်းတွေ ထုတ်ဆက်နေတာ ကျွန်းမြို့သားပေါ့။ ဟဲဗီးရော့ခ် စတိတ်ရှိုးမှာ ပွဲပျက်တဲ့အထိ သောင်းကျန်းရတာကို ရော့ခ်အင်ရိုးလို့ ထင်နေတဲ့ ကျွန်းမြို့သားတွေပေါ့။ လက်မောင်း မှာ ရော့ခ်စာလုံး တက်တူးထိုးထားတဲ့ ကျွန်းမြို့သားက လေးဖြူရဲ့ 'ပင်လယ်အော်သံ'ကို နားမထောင်ဖူးသလို နောက်ကျောမှာ ဟစ်ဟော့ပ် ထိုးထားတဲ့ ကျွန်းမြို့သားကလည်း '8-Miles' ဇာတ်ကားကို မကြည့်ဖူးဘူး။ ကျွန်းမြို့သား တီးဝိုင်းတစ်ခုက ဆံပင်ရှည်တွေနဲ့ ဂစ်တာ ပလေယာ နှစ်ယောက်ဟာ ကျွန်တော် ပေးဖတ်တဲ့ စိုးသိဏ်းရဲ့ 'ရော့ခ်ကြယ်ပွင့်' စာအုပ်ကို မဖတ်ရသေးပဲ ဖျောက်ပစ်လိုက်ဖူးတယ်။ ကျွန်းမြို့သားတွေဟာ ဇော်ဝင်းထွဋ်ဆိုရင် 'အနှိုင်းမဲ့'လောက်ပဲ သိကြ၊ Big Bag ဆိုရင် 'မယ်တင်'လောက်ပဲ သိကြတယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ဒီနေ့အထိ ရှိခဲ့သမျှ မြန်မာ အန်ဒါဂရောင်း ရော့ခ်နဲ့ ဟစ်ဟော့ပ် အဖွဲ့ပေါင်း

mgyoe.com

mgyoe.com

မြောက်မြားစွာကို တူးဖော်ကြည့်ဖို့ဆိုတာ ကျွန်းမြို့သားတွေအတွက် ဘီယာဘားမှာ လာဖျော်ဖြေတဲ့ ပေါချောင်ကောင်း အဆိုတော် တစ်ယောက်နဲ့ ဓာတ်ပုံတွဲရိုက်ဖို့လောက်တောင် စိတ်ဝင်စားတာ မဟုတ်ဘူး။ 'လူတွေ နားထောင်တဲ့ သီချင်းပဲ ဖွင့်စမ်းကွာ'လို့ ကျွန်းမြို့သားတွေရဲ့ အအော်ခံရတဲ့ သီချင်းက မြန်မာပြည်က ဟစ်ဟော့ပ် ရွှေခေတ် ဖြစ်တဲ့ second generation hip hop တွေထဲက တစ်ပုဒ်ပဲ။

ကျွန်တော် ထောင်ထဲ ရောက်တုန်းက အကျဉ်းသား ကျွန်းမြို့သားတွေ အကြိုက်ဆုံးသီချင်းဟာ မနောနဲ့ သူ့ သရုပ်ဖော်ဗီဒီယိုထဲက စော်တွေရဲ့ ဖင်တုံးကြီးတွေ ဖြစ်တယ်ဆိုတာ သိခဲ့ရတယ်။ ကျွန်းမြို့က အခွေဆိုင်တွေ ပိတ်သာ ပိတ်သွားတယ်။ နိုင်ငံခြား အမ်ဗီခွေဆိုရင် ဒယ်ဒီယန်းကီးနဲ့ ဂျေလိုက အမြင့်ဆုံးပဲ။ ကျွန်းမြို့သားတစ်ယောက်ရဲ့ သိန်း ဆယ်ဂဏန်းနဲ့ ဝယ်ထားတဲ့ ဆောင်းဘောက်စ်ထဲက ထွက်လာတဲ့ သီချင်းက ဂျက်စတင်ဘီဘာ မဟုတ်ရင် စီလင်းဒီရွှန်က အမြင့်ဆုံးပဲ။ နိုင်ငံကျော်ရော့ခ်ကာကြီးတွေကို ဖိတ်ခေါ်တယ်ဆိုတာ သီချင်းတစ်ပုဒ်ရဲ့ အပေါ်က မလိုင်ကိုပဲ ခပ်ယူပြီး သူ့လုပ်ငန်းရဲ့ ကြော်ငြာတစ်ခုအဖြစ်ပဲ အသုံးချရုံပဲဖြစ်တယ်။ ကျွန်းမြို့သား တီးဝိုင်းတွေ တစ်ဝိုင်းပြီး တစ်ဝိုင်း ထွက်လာတယ်။ အနှစ် သုံးဆယ် ကြာလည်း 'ဖင်ဆီဒိုင်း' နဲ့ 'ရှူးချင်ယောင် ဆောင်မနေနဲ့'ကို တီးတုန်း၊ ဆိုတုန်းပဲ။ ဘားထဲက အပေါစား ဒီဂျေသံတွေမှာ မူးရူးပြီး လိုက်က,ခြင်းက ကျွန်းမြို့သားရဲ့ အမြင့်ဆုံး ဂီတခံစားမှုပဲ။

## ကျွန်းမြို့သား ကိုယ်ပေါ်မှ ခရင်းကောင်များ

ကျွန်တော်လည်း ကျွန်းမြို့သားတစ်ယောက် ဖြစ်တာမို့ ကျွန်းမြို့သား တစ်ယောက်ရဲ့ စိမ်းလန်းပုံတွေ၊ လှိုင်းထပုံတွေ၊ မိုးရေချိန်တွေ ခရင်းစွဲနေပုံတွေကို ကောင်းကောင်း သိတယ်။ တကယ်တော့ ကျွန်းမြို့သား ဆိုတာလည်း မြန်မာတွေထဲက မြန်မာတွေပဲလေ။ ပင်လယ်လေတွေ ပိုရှူထားတဲ့ ဝိညာဉ်နဲ့ မြန်မာတွေ၊ ကြေးနီရောင် နည်းနည်း ပိုသမ်းတဲ့ မြန်မာတွေပေါ့။ ခရစ်ယာန်၊ တရုတ်၊ မွတ်ဆလင်၊ ဟိန္ဒူ စသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပါဝင်တဲ့ အဆာပလာတွေ ကွဲပြားကြပေမဲ့ တူညီတဲ့ အရသာတစ်ခု ရှိနေတဲ့ ကတ်ကြေးကိုက်ဆိုင်တွေလို ကျွန်းမြို့သားတွေ ဖြစ်တယ်။

ကျွန်းမြို့သားတစ်ယောက်ရဲ့ ယင်နဲ့ ယန်း (☯) ကို အခုလို မြင်တွေ့နိုင်တယ်။ တစ်ဖက်မှာ ပေါ့ပေါ့ပါးပါး နေတတ်ပေမဲ့ တစ်ဖက်မှာ ပေါ့ပျက်ပျက် ဖြစ်နေတတ်သူတွေ၊ တစ်ဖက်မှာ ဘော်ဒါစိတ် ရှိသလောက် တစ်ဖက်မှာ အုပ်စုစွဲ ဒေသစွဲ ရှိသူတွေ၊ တစ်ဖက်မှာ လူမှုရေးကောင်းမွန်သလောက် တစ်ဖက်မှာ အပြိုင်အဆိုင် အကြွားအဝါ သန်သူတွေ၊ တစ်ဖက်မှာ ပွင့်ပွင့်လင်းလင်း ရှိသလောက် တစ်ဖက်မှာ ကိုယ်ရေးကိုယ်တာကို နားမလည်သူတွေ၊ တစ်ဖက်မှာ ပျော်ပျော် နေတတ်သလောက် တစ်ဖက်မှာ သူတစ်ပါးကို အနှောင့်အယှက် ပေးတတ်သူတွေ၊ တစ်ဖက်မှာ ဘာသာရေး ကိုင်းရှိုင်းသလောက် တစ်ဖက်မှာ အယူအစွဲ ကြီးတတ်သူတွေ၊ တစ်ဖက်မှာ စီးပွားရေး အကွက်မြင်တတ်သလောက် တစ်ဖက်မှာ နိုင်ငံရေး အသိစိတ် နည်းပါးသူတွေ၊ တစ်ဖက်မှာ ဆိုင်ကယ်အစီး ကျွမ်းကြသလောက် တစ်ဖက်မှာ ဆိုင်ကယ်တိုက်ပြီး သေတတ်သူတွေ ... စသဖြင့်။ အတိအကျတော့ ပြောလို့ မရပေမဲ့ ယေဘုယျအားဖြင့်တော့ ဒီအတိုင်းပါပဲ။ ကျွန်းမြို့သားတွေရဲ့ ဓလေ့စရိုက်ထဲမှာ ကျွန်တော် သဘောအကျဆုံးက လူမျိုးရေးခွဲခြားစိတ် မရှိတဲ့ ဆက်ဆံရေးဖြစ်ပြီး ကျွန်တော် မကြိုက်ဆုံးက အနုပညာကို ဖျော်ဖြေရေးလောက်ပဲ နားလည်သဘောထားကြခြင်းကိုပါပဲ။

### ဂျန်လီးကျွန်းမြို့သား အစွယ်တွေကြားမှာ

ခင်ဗျားက ဂျန်လီးတွေအကြောင်း လာပြောနေတာလား၊ ကျော်တို့ဇက်တွေက အဲသလိုတွေ မဟုတ်တော့ဘူး ဆိုရင်လည်း ဆောရီးပါ။ ၂၀၁၅ နောက်ပိုင်းမှာတော့ ပန်းချီဆွဲတဲ့၊ စကိတ်စီးတဲ့၊ ဓာတ်ပုံ အရိုက်ကောင်းတဲ့ ကျွန်းမြို့သား လူငယ်တွေ ကျွန်တော် တွေ့လာရပါပြီ။ အနည်းဆုံးတော့ K Pop ယဉ်ကျေးမှု ကူးစက်ခံရပြီး ဖက်ရှင်တွေ ဝုန်းခနဲ ဂေါ်ကုန်တာ၊ ဖုံးကွယ်ထားတဲ့ ရေးရိုးစွဲတွေကို ရဲရဲတင်းတင်း လှစ်ဖော်

mgyoe.com

mgyoe.com

တော်လှန်လာကြတာကိုတော့ ကျွန်တော် တွေ့နေရပါပြီ။ ဒါပေမဲ့ ဒါဟာ လူငယ် မျိုးဆက်တိုင်းမှာရှိတဲ့ သူပုန်စိတ်တွေလား၊ ဂျီဇက်တွေရဲ့ နိုင်ငံ တကာ အဆင့်မီ အစွမ်းအစတွေလား ဆိုတာတော့ စောင့်ကြည့်ရလိမ့် ဦးမယ်လို့ ထင်တာပဲ။

ကျွန်းမြို့ပေါ်မှာ အနုပညာရဲ့ ပြောင်းလဲမှုတွေကို ဘတ်ဈေး၊ ရွှေ ဈေး အပြောင်းအလဲလောက် စိတ်မဝင်စားကြတာ ကျွန်တော် သိပါတယ်။ ကျွန်းမြို့ပေါ်က ပန်းချီဆရာတစ်ယောက်ရဲ့ အိမ်ကို ရပ်ကွက်ထဲက ဆိုင်း ဘုတ်ပြား လုပ်ငန်းလောက် ဘယ်သူမှ သိကြမှာ မဟုတ်ဘူး။ အနုပညာ ဗီဇပါလာတဲ့ ကျွန်းမြို့သားကလေး တစ်ယောက်ကိုလည်း သူတို့က အဆင့်မြင့် ပုဂ္ဂလိကကျောင်းတစ်ကျောင်းမှာ ထားထားတဲ့ ကျောင်းသား တစ်ယောက်လောက်တောင် အလေးထားကြမှာ မဟုတ်ပါဘူး။ ကျွန်းမြို့ ပေါ်က အနုပညာရှင်တစ်ယောက်ရဲ့ နေရာဟာ လုပ်ငန်းရှင်ကြီး တစ် ယောက်ရဲ့ တူ၊ သား၊ တပည့်၊ ဘုရားဒကာ၊ ကျောင်းဒကာ တစ်ယောက် လောက်တောင် မရှိပါဘူး ။ ဒါက ကျွန်တော်တို့ရဲ့ ကျွန်းမြို့မှ မဟုတ်ပါ ဘူး။ မြန်မာနိုင်ငံ ဘယ်နေရာမှာဖြစ်ဖြစ် ဒီလိုပဲ မဟုတ်လား။ တကယ့် အနုပညာရှင်တွေကလည်း ဒါတွေကို ဂရုစိုက်မနေပါဘူး။ လောကကြီး က ဒီအချိုးပဲဆိုတာ အစောကြီးကတည်းက သူတို့ သိပြီးသားပါ။ ရှိရှိ သမျှ အလွှာစုံ အတန်းစုံက လူတွေ စားသုံးနိုင်အောင် ထုတ်လုပ်ထားတဲ့ ခေါက်ဆွဲခြောက်ထုပ်လို အနုပညာတွေနဲ့လည်း တကယ့်အနုပညာက တစ်လမ်းစီပါပဲ။ တကယ်တော့ လူတွေ၊ ကျွန်းမြို့သားတွေ ဂီတ/အနု ပညာနဲ့ ဝေးတဲ့အကြောင်းက တကူးတက အပြစ်တင် ဝေဖန်နေစရာကို မလိုအပ်ပါဘူး။ ကျွန်တော် ပြောချင်တာက ဟောဒီကျွန်းမြို့ပေါ်မှာ ဂစ်တာကို ဆုပ်ကိုင်ထားပြီးမှ လွှတ်ချခဲ့တဲ့လက်တွေ အကြောင်းပါ။

**ပင်လယ်စားပြလှေပေါ်မှာ နတ်သမီးကို ဖူးတွေ့ခဲ့**

ဟုတ်တယ်။ ကျွန်တော်တို့ဟာ ကျွန်းမြို့သားတွေ ဖြစ်တယ်။ ကျွန်တော်တို့ ဖြစ်တည်မှုက ရွေးချယ်စရာ မရှိဘူး။ ဒါပေမဲ့ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

တို့ဟာ တစ်သက်လုံး ကျွန်းမြို့သားတွေနဲ့ပဲ ဆက်ဆံ ပတ်သက်နေရတာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ အခြားသော အသံတွေ၊ အရောင်တွေနဲ့ ပတ်သက် ဆက်ဆံရဖို့ ဖြစ်လာတဲ့အခါ၊ အထူးသဖြင့် ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ ကဗျာ၊ အနုပညာကိစ္စတွေနဲ့ ဆက်ဆံကြည့်ဖို့ လိုလာတဲ့အခါ ကျွန်တော်တို့ရဲ့ သွေးထဲက ဓလေ့စရိုက်တွေ၊ အမှတ်လက္ခဏာတွေကို အသေ ဆုပ်ကိုင်မထားဖို့ လိုလိမ့်မယ်။ အနုပညာဟာ ဟောဒီ ကျွန်းမြို့လေးထက် အများကြီး ကြီးမား ကျယ်ပြန့်တယ်။ ရုပ်ရှင်၊ ပန်းချီ၊ စာပေ အခြားသော အနုပညာ အမျိုးအစားတွေကို ခဏထား။ ဂီတအနုပညာ (တိတိကျကျ ပြောရရင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပေါ့ပ်တွေ၊ ဟဲဗီး မက်တယ်လ်တွေ၊ ဟစ်ပ်ဟော့ပ်တွေ၊ အင်ဒီးစ်တွေ၊ EDM တွေ၊ RnB နဲ့ fusion တွေ) ဘဝထဲ ခေါ်သွင်းတော့မယ်ဆိုရင်တော့ ခင်ဗျားရဲ့ ဇာတိ သွေးတွေ၊ ဒေသ အစွဲတွေ၊ ရိုးရာ အစဉ်အလာတွေ၊ ကိုးကွယ်ယုံကြည်မှု တွေ၊ ဓလေ့စရိုက်တွေ၊ ဘဝနေမှု ပုံစံတွေနဲ့ ထိပ်တိုက်တွေ့လိမ့်မယ်။ အက်ဒီကို သူ့ကိုယ်ထဲ ပူးကပ်နေတဲ့ Venom ဂြိုဟ်ကောင်က အမြဲ အနှောင့်အယှက် ပေးနေသလိုမျိုးပေါ့။

ကျွန်းမြို့သား လူငယ်လေးတစ်ယောက်၊ အနုပညာသမား တစ်ယောက် ဖြစ်လာမယ်ကြံတိုင်း အရိုင်းဆန်တဲ့ ကျွန်းမြို့သား ဖြစ်မှုကြီးက ပြန်ပြန်ဆွဲချနေတယ်။ ကြာလာတာနဲ့အမျှ အနုပညာသမားတစ်ယောက် ဖြစ်ခြင်းကပဲ ရှက်စရာလိုလို၊ ရွံစရာလိုလို ထင်လာအောင် ကိုယ့်ခန္ဓာ ထဲက ကျွန်းမြို့သား မာရ်နတ်က နှောင့်ယှက်လိမ့်မယ်။ ဂျင်နရေးရှင်း ဇက်တွေ ဖြစ်ရုံ၊ ပိုက်ဆံတွေ ချမ်းသာရုံနဲ့လည်း ဂီတအနုပညာရှင် ဘဝကို ရလိမ့်မယ် မထင်လိုက်နဲ့။ ကျွန်းမြို့သား မြန်မာသား တစ်ယောက်ထက် ပိုတဲ့ ကမ္ဘာသားတစ်ယောက် ဖြစ်ဖို့ လိုလာပြီ။ ကမ္ဘာကြည့် ကြည့်မြင် တတ်တဲ့ မျက်စိတွေ၊ နားတွေ၊ နှလုံးသားတွေ လိုလာပြီ။ ခင်ဗျားရဲ့ ကျွန်းမြို့သား ဖြစ်တည်မှုကို ဗားရှင်းမြှင့်စေမယ့် အတွေးအခေါ်၊ ဗဟု သုတတွေ သေချာပေါက် လိုအပ်လာပြီ။ ခင်ဗျား ဦးလေးတွေ ခေတ်တုန်း ကလို ရင်ဘတ်ကြီးနဲ့ ခံစားရုံ၊ အသံ ကောင်းရုံနဲ့တော့ ပီပြင်တဲ့ သီချင်း

mgyoe.com

mgyoe.com

တစ်ပုဒ် ဖြစ်လာမှာ မဟုတ်ဘူး။

ဘဝအဓိပ္ပာယ်ဟာ နေ့ဘက်မှာ ငွေသေတ္တာရှိရာ အညွှန်းမြေပုံကိုချည်း တွက်ချက်နေပြီး ညဘက်မှာ ဘီယာခွက်တွေ၊ ရေသူမတွေနဲ့ မြူးထူးပျော်ပါးဖို့သာ ဖြစ်တယ်ဆိုတဲ့ ပင်လယ်ဓားပြတွေရဲ့ ကျွန်းမြို့ပေါ်ကိုတော့ အနုပညာဆိုတဲ့ နတ်သမီးက ဆင်းသက်မှာ မဟုတ်ဘူး။ ပင်လယ်လေရိုင်းတွေနဲ့ အသက်ရှူနေရလို့ နည်းနည်းလေး ကြမ်းရှနေတဲ့ ကျွန်းမြို့သားတွေရဲ့ နှလုံးသားဟာလည်း ဂီတဆိုတဲ့ သိမ်မွေ့နက်ရှိုင်းလှတဲ့ ကမ္ဘာလောကရဲ့ စည်းဝါးအသံတွေကို ကြားနိုင်မှာ မဟုတ်ဘူး။ ဒါမှမဟုတ် ကျွန်းမြို့သားတွေရဲ့ အနုပညာဆိုတာကိုက စီးပွားရေး သို့မဟုတ် ပိုက်ဆံ ဖြစ်တယ်ဆိုရင်တော့လည်း ကျွန်တော် အသာ နှုတ်ဆိတ်နေရုံပဲ ရှိတော့တာပေါ့။

■

မတ်၊ ၂၀၂၃။

နောက်ခံတေး – *Annihilator - Phoenix Rising*

mgyoe.com

mgyoe.com SAMPLE BOOK

## ကျွန်တော့်ရဲ့ ၂၀၀၀ ပြည့်နှစ်များမှ ကိုင်ဇာတင်မုံ

၁၉၉၈ ကျွန်တော် Query Query ရဲ့ အတ္တငါ အခွေ ဝယ်လာပြီး နားကြပ်ကက်ဆက်ထဲ ထည့်ဖွင့်လိုက်တယ်။ ဆူညံနေတာပဲ။ သိပ်မကြာခင်က နားထောင်ထားတဲ့ ဒိုးလုံးတို့ The Ants အခွေတွေနဲ့ Grunge တွေကို ယဉ်ပါးပြီးသား ဖြစ်နေတောင်မှပေါ့။ ပြည်ပက ပန့်ခ်တွေရော Death တွေအထိ ကိုယ်က နားထောင်ဖူးပြီသား။ ဒါပေမဲ့ မြန်မာလို ဆိုတဲ့ Punk တို့၊ Alter တို့ကို နားထဲမှာ စိမ်းနေတုန်းပဲ။ ဇော်ဝင်းထွဋ်တို့၊ လေးဖြူတို့နဲ့ ကြီးပြင်းလာတော့ အသစ်ကိုသာ လိုက်ရှာနေတာ၊ အဟောင်းမှာ တလည်လည် ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် ဘယ်သိနိုင်မလဲ။ အဆိုတော်က ကိုင်ဇာတင်မုံတဲ့။

ကိုင်ဇာတင်မုံ အသံက ဒိုးလုံးတို့၊ ပုရွက်ဆိတ်တို့ထက်တောင် ငြိုဟ်သား ဆန်သေးရဲ့။ သီချင်းတွေ အားလုံးကလည်း သူကိုယ်တိုင်ပဲ ရေးထားတာ။ သူ့ရဲ့ အသံထွက်ပုံက သိပ်မကြာခင်ကမှ သူ့ခေါင်းကို

mgyoe.com

mgyoe.com SAMPLE BOOK

သူ သေနတ်နဲ့ပစ် သတ်သေသွားတဲ့ ကတ်ကိုဘိန်းရဲ့ဝိညာဉ် ဝင်ပူးနေမှန်း သိသာတယ်။ အခု ပြန်နားထောင်ကြည့်တော့ The Smashing Pumpkins, Dinosaur jr., Simple Plan စတဲ့ ၉၀ ပြည့်နှစ်တွေက ပန့်ခ်၊ အော်လ်တာ ဆရာတွေရဲ့ အသံထွက်တွေမျိုးလည်း Query မှာ အနည်းငယ်စီ ပါဝင် ပြီးသား ဖြစ်နေတာတွေ့ရတယ်။ ရီကော့ပိုင်းကြောင့်လား၊ ကိုယ့် ear drum ကပဲ အသင့်မဖြစ်သေးလို့လား မပြောတတ်၊ နားထဲမှာ noise တွေ ဖြစ်လို့လား၊ အမှန်အတိုင်း ပြောရရင် 'အတ္တဂါ'ဟာ ငါ့အတ္တထဲ သိပ်မရောက်ခဲ့။ ထူးဆန်းတာက ကက်ဆက်ခွေကာဗာပေါ်က ကိုင်ဇာတို့ သုံးယောက်ကို ကြည့်ပြီး ဒီဘဲတွေက အမှန်အကန်တွေဆိုတဲ့ ဖီလင်မျိုး ဖြစ်နေမိတယ်။ ကက်ဆက်နဲ့ စီဒီခွေတွေ ဝယ်နားထောင်တဲ့ ခေတ်က ဘဲတွေဆိုရင်တော့ တိပ်ခွေ/အယ်ဘမ် ကာဗာတွေဟာ အထဲက အသံတွေ အတွက် ဘယ်လောက် ပံ့ပိုးနိုင်မှန်း ကောင်းကောင်း သိမှာပါ။

Punk တွေ၊ Grunge တွေ၊ Alternative တွေ ဖန်တီးသူတွေမှာ တူညီတဲ့ (ရေး/ဆို/တီး) ဟန်တွေ ရှိတယ်ဆိုပေမဲ့ သူတို့မှာ ထူးခြား ချက် ကိုယ်စီ ရှိသေးတယ်။ ဒိုးလုံးက ရှုးသွပ်တယ်၊ မယ်လိုဒီတွေ လှတယ်။ The Ants က အလွင့်၊ စာသားတွေက မော်ဒန်ကဗျာတစ်ပုဒ် လို သေသပ်တယ်။ အဲဒီ The Ants ရဲ့ Deep ဖြစ်သလောက် ကျစ်လျစ် ပြေပြစ်လှတဲ့ စာသားတွေကို ကိုးကွယ်နေမိလို့လား မသိ၊ ကိုင်ဇာတင်မုံရဲ့ စာသားတွေ ကြားရချိန်မှာ ထောင့်ထောင့်ကြီးနဲ့ ဖြစ်နေတယ်။ ဒါပေမဲ့ ကိုင်ဇာတင်မုံ (Antibiotic) ရဲ့ ထူးခြားချက်က (ဆိုင်းရင့် ဖီဆင်) သိပ္ပံ ဆန်းကြယ် ဇာတ်လမ်းဆန်မှုတွေ ပါတယ်။ ဒါက ကျွန်တော့် အကြိုက်နဲ့ ကိုက်တယ်။ 'လှပတဲ့ သစ်တောလျှိုမြောင်တွေရဲ့ကြား ပျက်ကျသွားခဲ့ လို့ အမြန်ကူညီပါဦး ...'ဆိုတာမျိုး။ စပီးဘာ့တ်ရဲ့ E.T. ထဲက ဇာတ်ဝင်ခန်း ပါပဲ။

ပြီးတော့ သူက အနှောင်အဖွဲ့ ကင်းတယ်လို့ ခံစားရတယ်။ ၂၀၀၃ မှာ 'Heart ဂီတည' Live ခွေတစ်ခွေ ထွက်လာတယ်။ စင်ပေါ်မှာ အာကာသပြတိုက်ကို ဆွဲနေကြတဲ့ သူတို့ရဲ့ ပါဖောမန့်စ်ကို ကြည့်ရတော့

mgyoe.com

ကြွေဆင်းသွားတယ်။ သူတို့ရဲ့ ဂီတအပေါ် လွတ်လပ်ရဲရင့်မှုကို အသေ အချာ တွေ့လိုက်ရတယ်။ ဘေ့စ်ဂစ်တာ၊ လိဒ်ဂစ်တာတွေ လွယ်ပြီး ယိမ်းထိုး ခုန်ပေါက်နေပုံတွေ သိပ်အထာကျတယ်။ အဲဒီတုန်းက စလောင်းက လွှင့်နေတဲ့ channel V နဲ့ MTV မှာ ကြည့်ဖူးထားတဲ့ Papa Roach တို့ P.O.D တို့ အတိုင်းပဲလို့ ထင်မိတယ်။ အဲဒီအချက်က အရေးကြီးတယ်။ (အဲဒီတုန်းက) ကျွန်တော်တို့ဆီက ရော့ခ်ကာကြီးတွေ စင်ပေါ်မှာ တီးခတ် ဖျော်ဖြေပုံတွေ သိပ်ငြိမ်သက်လွန်းတယ်လို့ ထင်ရတယ်။ တစ်ခုခုက သူတို့ကို ချုပ်နှောင်ထားသလိုပဲ ကော်ပီသံစဉ်တွေကို တစ်ထပ်တည်းကျအောင် သတိကြီးစွာနဲ့ တီးခတ်နေရလို့လား၊ မူရင်းသီချင်းထဲက ရှုးသွပ်ပေါက်ကွဲတဲ့ ဝိညာဉ်ကို ကော်ပီလုပ်လို့ မရနိုင်တာကြောင့်လားတော့ မသိ၊ ရော့ခ်သီချင်းတွေကို ဖျော်ဖြေနေသူ ပလေယာတွေအတွက် အသက်မဲ့နေသလိုပဲ။ အဲဒီလိုတွေ ကြားမှာ Big Bag တို့၊ ကိုင်ဇာတင်မိုတို့ကတော့ သူတို့ ဖန်တီးတဲ့ ဂီတရဲ့ ပေါက်ကွဲရူးသွပ်မှု စည်းချက်အတိုင်း ဘော်ဒီကို ရွေ့လျား ကွေးညွတ်နိုင်ကြတာ တွေ့တော့ အဲသလို ဖြစ်ရမှာပေါ့လို့ တွေးမိတယ်။ ပြီးတော့ သူတို့က အထာလည်း သိပ်ကျပါတယ်။ အထာကျဖို့လည်း လိုသေးတယ်လေ။ Korn လိုလို၊ Linkin Park လိုလို ဖြိုးပြရင်း ပြသွားတဲ့ ပြည်တွင်းဖြစ် ဇွတ်ပန့်ခ်တွေ၊ အတင်းအော်လ်တာတွေ၊ မရမက နျူမယ်လ်တယ်တွေလည်း ရှိလို့ပါပဲ။

၉၀ ပြည့်နှစ် နှောင်းပိုင်းတွေမှာ မြန်မာပြည်မှာလည်း အော်လ်တာနေးတစ်ခေတ် ရောက်လာပြီမို့ သူ အော်လ်တာ၊ ငါ အော်လ်တာနဲ့ ဖြစ်နေကြချိန် ကိုင်ဇာတင်မိုက 'အတ္တငါ'ကို တံဆိပ်မကပ်ချင်ဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူ့သီချင်း အားလုံးက Alternative အလိုလို ဖြစ်နေခဲ့တယ်ဆိုတာ ခင်ဗျားတို့အားလုံး အသိပါပဲ။

ခင်ဗျားသာ ဒီနေ့ ၃၅–၄၀ကြားအရွယ် ၂၀၀၀ ပြည့်နှစ်တုန်းက metal အသစ်တွေကို လိုက်ရှာဖူးတဲ့ ဘဲတစ်ဗွေဆိုရင် အာကာသပြတိုက်ကို ခင်ဗျား ဘော်ဒါတစ်ဖွဲ့နဲ့အတူ ကာရာအိုကေခန်းမှာ အမ်ပလီဖိုင်ယာ ကိုင်နေတဲ့ ဝန်ထမ်း ကောင်မလေးကိုမှ အားမနာ အသေ သွားအော်ဖူး

mgyoe.com

mgyoe.com

SAMPLE BOOK


လိမ့်မယ်။ 'အာကာသပြတိုက်'တဲ့။ သီချင်းစာသား အစအဆုံးကို ခင်ဗျား နားမလည်ခင်မှာပဲ ခင်ဗျားဟာ အဲဒီသီချင်းကို လိုက်ဆိုရင်းနဲ့ လောက ရဲ့ (Unknowing) မသိနိုင်ခြင်း၊ စကြဝဠာထဲ လူသားဖြစ်တည်မှုရဲ့ ရှုးချင်စရာကောင်းခြင်း စတဲ့ ဖီလင်တွေကိုတော့ ရင်ထဲမှာ လှိုက်တက် နေလိမ့်မယ်။

ပြောချင်တာက အဲဒီတုန်းက ကိုင်ဇာတင်မုံကို ကြည့်ရတာ (လူရော ဂီတပါ) မြန်မာတစ်ယောက်အဖြစ် မခံစားရဘူး။ အနောက်တိုင်းက အော်လ်တာဝိုင်းတစ်ဝိုင်း၊ အော်လ်တာဂီတ လူငယ်တစ်ယောက် အဲသလို ပဲ မြင်နေမိတယ်။ မီဒီယာတွေကတစ်ဆင့် သူဟာ ချင်းလူမျိုးတစ်ယောက် ဖြစ်တယ်လို့ သိနှင့်ပြီးတာတောင်မှပေါ့။ ဒါမျိုး ကျွန်တော့်အနေနဲ့ မြင်မိ တာ ရေ့မှာ မျိုးကျော့မြိုင် တစ်ယောက်ပဲ ရှိမယ်။ မြန်မာလို ဆိုနေပေမဲ့ ဂီတက ကမ္ဘာဆန်ပြီးသား ဖြစ်နေတယ်။ ဒါက ပုံတူကူးတာနဲ့ မတူသေး ဘူး၊ နောက်ဆုံးပေါ် ဖက်ရှင်တွေ ကောက်ဆင်ရုံနဲ့ ဘိုဆန်သွားတာနဲ့ လည်း မတူသေးဘူး။ ကမ္ဘာမှာ အသစ်ပေါ်လာတဲ့ ဂီတတစ်မျိုးနဲ့ ဝိညာဉ် သွေးသား တစ်သားတည်း လိုက်ပါနိုင်တယ်လို့ ဆိုချင်တာ။

> 'နာမည်တော့ မပြောတော့ဘူး ... အဲဒီတုန်းက mainstream ထဲကပဲ။ နာမည်ကြီး အဆိုတော် တစ် ယောက်က ပြောသွားတာ။ လုပ်ချင်သလိုတွေ လျှောက် လုပ်ထားတာပါကွာတဲ့။ အဲဒီလို ကြားရတော့ ကျွန် တော်လည်း ပျော်သွားတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် တို့လည်း အဲသလိုပဲ ဖြစ်ချင်တာကိုး'

အင်တာဗျူးတစ်ခုမှာ ကိုင်ဇာတင်မုံ ဖြေသွားပုံ ။

၂၀၀၄ ခုနှစ်မှာ ချစ်ကောင်းရဲ့ 'ကော်ဖီခါးခါး အလှည့်'ထဲက Antibiotic ရဲ့ ဗားရှင်းနဲ့ ပြန်ဆိုထားတဲ့ 'ချစ်သူ အားပေး'ကို ကြည့်ရ၊ နားထောင်ရတော့ အဲဒီသီချင်းက တစ်နှစ်လုံးအတွက် အကြိုက်ဆုံးသီချင်း

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်လာခဲ့ဖူးတယ်။ ကျွန်တော့်ရဲ့ ချို့တဲ့နွမ်းပါးလှတဲ့ ရည်းစား ကောင်မလေး တစ်ယောက်နဲ့ မစိုမပို့ လခစား ဝန်ထမ်းဘဝ လူငယ်လေး တစ်ယောက်ရဲ့ တစ်ယောက်လက် တစ်ယောက် တင်းတင်းဆုပ်ရင်း ရက်စက်တဲ့ မြို့ပြလူနေမှုဝန်းကျင်ကြား အံကြိတ် ဖြတ်သန်းနေခဲ့သမျှ နာကျင်မှုတွေကို Antibiotic တွေက နားလည်နေသလို ဖြစ်နေခဲ့တယ်။ ကာရာအိုကေဆိုင်ထဲမှာ 'အချစ်ရေ အားပေး' လို့ အသံကုန် အော်နေတဲ့အချိန် ခန္ဓာကိုယ်ထဲက မော်ဖိန်းတစ်မျိုး ထွက်နေသလိုပဲ လူက လုံးဝ fine သွားတယ်။ Query ထဲက သီချင်းတွေနဲ့လည်း လုံးလုံး မတူတော့သလို 'ပေးဦးနော်'အခွေထဲက 'ရာသီဥတုနဲ့ အချစ်' သီချင်းထက်ရော အများကြီး ရှေ့ရောက်တဲ့ Antibiotic ဖြစ်လာခဲ့ပြီ။ Grunge တွေ၊ Punk တွေကနေ modern rock ကို ရောက်လာခဲ့ပြီ။

ထို့အတူပဲ ၂၀၀၄ ခုနှစ်မှာပဲ ထွက်လာခဲ့တဲ့ (Query Query မဟုတ်တော့တဲ့) Antibiotic ရဲ့ 'မျက်နှာ' အခွေဟာလည်း ကျွန်တော့်ရဲ့ တစ်နှစ်တာအတွက် အကြိုက်ဆုံးစီးရီး ဖြစ်ခဲ့တယ်။ Nirvana ရယ်၊ Korn ရယ်၊ Marilyn Manson သုံးမျိုး စပ်ထားတဲ့ အရသာကို ခံစားရတယ်။ တကယ်လို့ အဲဒီ 'မျက်နှာ'ကို ဝီကီပီးဒီးယားမှာ တင်ရင် သီချင်းအမျိုးအစား Genres နေရာမှာ Post-Grunge, Alternative Metal, Industrial Metal, Progressic rock စသဖြင့် ထည့်ရလိမ့်မယ်။ ၂၀၀၀ ပြည့်နှစ်တွေထဲ ထွက်သမျှ စီးရီးတွေထဲမှာတော့ ခေတ်ရှေ့အပြေးဆုံး ကိုယ်ပိုင်သံစဉ် ရော့ခ်/မက်တယ်လ် စီးရီးတစ်ခုပါပဲ။ သူ့ရှေ့က ထွက်ခဲ့တဲ့ လေးဖြူရဲ့ 'လိပ်ပြာ' အပါအဝင် Modern rock နဲ့ Alternative rock/Metal အဖြစ် ထွက်ခဲ့တဲ့ စီးရီးတွေ၊ အယ်လ်ဘမ်တွေ အကုန် ကျန်ခဲ့ပေတော့ပဲ။

နောက်တော့ 'အလွမ်းရဲ့ည' ဗီစီဒီ (၂၀၀၅)ထဲက Antibiotic ရဲ့ 'နေကြာစေ့' နဲ့ မောင်မောင်ဇော်လတ်၊ ဟန်ထူးလွင်၊ ကိုင်ဇာတင်မုံတို့ တွဲဆိုထားတဲ့ (စိုင်းခမ်းလိတ်ရဲ့) 'ပလက်ဖောင်းမင်းသား'ကို ကြည့်ရနားထောင်ရပြန်တယ်။ 'နေကြာစေ့'ကတော့ Marilyn Manson ကို

mgyoe.com

သတိရစေတယ်။ Antibioticက Industrial Metalအထိတောင် ရောက်လာခဲ့ပြီ။ ကျွန်တော့်အထင် ကာဗာဗားရှင်း ငါးမျိုးလောက် ရှိမယ့် 'ပလက်ဖောင်း မင်းသား'တွေအနက် အဲဒီတုန်းက ကျွန်တော် အကြိုက်ဆုံး အော်လ်တာနေးတစ် ဂီတသမား သုံးဦးဖြစ်တဲ့ သူတို့ သုံးယောက်ရဲ့ Modern rockဗားရှင်းကို အကြိုက်ဆုံးပဲ။ ၇၀-၈၀ ကတည်းက 'ပလက်ဖောင်း မင်းသား'ကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မော်ဒန်ရော့ခ် ဗားရှင်းနဲ့ အသွင်ပြောင်းလို့ ရနေတာဟာ ကျွန်တော်တို့ မျိုးဆက်အတွက်က ပြဿနာ ရှိတယ်။ ကျွန်တော်တို့ဟာ ဗားရှင်းအသစ်နဲ့ ရှင်သန်နေတဲ့ မဆလ ခေတ်ကနေ မတက်တော့တဲ့ 'ပလက်ဖောင်းမင်းသား'တွေပဲလား လို့ အခုထိ တွေးနေမိတုန်းပဲ။

၂၀၀၅ လောက်မှာ ထင်ပါရဲ့။ Antibiotic ရဲ့ အန်ဒါဂရောင်း အခွေကြမ်း (demo tape) လို့ ခေါ်မလား၊ Mix tape လို့ ခေါ်မလား အဲဒီ ထဲက သီချင်းတွေပါတဲ့ MP3 ဖိုင်တစ်ဖိုင်ကို ရန်ကုန်က အန်ဒါဂရောင်း ရော့ခ်ဂီတအသိုင်းအဝိုင်းနဲ့ နီးစပ်တဲ့ ဘော်ဒါတစ်ပွေဆီက ရလာခဲ့ပြီးပြီ၊ နားထောင်ပြီးပြီ။

၂၀၀၆ ခုနှစ်မှာ 'မှားတဲ့အခါလည်း မှားပေမပေါ့'အခွေထဲက နင်တကယ် ချစ်ရင်၊ သီချင်း အတု၊ မာနမျက်ရည် သုံးပုဒ်မှာတော့ 'သီချင်းအတု'ကို ကြိုက်တယ်။ ကိုင်ဇာတင်မုံ ဖန်တွေက 'မာနမျက်ရည်'ကို ကြိုက်ကြတာ တွေ့ရပေမဲ့ ကျွန်တော်ကတော့ အဲဒီတုန်းက ကိုင်ဇာတင်မုံရဲ့ Pop rock ဆန်တဲ့ သီချင်းမှန်သမျှ ကျော်ပြီး နားထောင်တယ်။ ကျွန်တော် သိတဲ့ ကိုင်ဇာတင်မုံက အာကာသပြတိုက်၊ စိုက်ဆင်း၊ နေကြာစေ့၊ ချစ်သူ အားပေး၊ နင် ဒုက္ခရောက်မယ်၊ ဟော့ ... ဟော့ ... ဘောဘီ၊ ၂၇ လမ်းက ပြဿနာ၊ ဘ၀ ('ဘာလာလာ'အခွေမှ 'ဘ၀' မဟုတ်ပါ။ 'မျက်နှာ' အခွေမှ 'ဘ၀')၊ မူကြို တက်ပါ၊ ငြိုဟ်သား/လူသား၊ ခေတ်နောက်ကျသူ၊ ပလတ်စတစ်လူသား၊ သီချင်းအတု။

အဲဒီသီချင်းတွေက Mainstream Heavy Metal ဂီတကို ငြီးငွေ့စပြုလာပြီး တဖြည်းဖြည်း ကွက်လပ်များလာတဲ့ ကျွန်တော့် လူငယ်ဘ၀

mgyoe.com

mgyoe.com

စိတ်အဆာကို ပြေသွားစေတဲ့ သီချင်းတွေ ဖြစ်ခဲ့တယ်။ ငယ်ငယ်ကတည်းက ရိုက်သွင်းခံရတဲ့ အယူအဆတွေ ကျိုက်ထုတ်ပစ်ဖို့၊ အရိုးကို လာစွဲထားတဲ့ ယဉ်ကျေးမှု အဆွေးအမြည့်တွေကို ခြစ်ထုတ်ပစ်ဖို့ ရဲဝံ့လာစေတဲ့ ဝိညာဉ်အားဖြည့်မှုတွေထဲမှာ ကိုင်ဇာတင်မိုနဲ့ Antibiotic တွေရဲ့ အသံနဲ့ ပါဖောမန့်စ်တွေလည်း အများကြီး ပါခဲ့တယ်။ မြန်မာလူငယ် နိုင်ငံသားတစ်ယောက်ဟာ ကမ္ဘာ့သား တစ်ယောက်လည်း ဖြစ်နိုင်တယ်ဆိုတဲ့ အလင်းပွင့် လမ်းပြစေသူတွေထဲမှာ သူတို့လည်း ပါတယ်။

နောက်တော့ ၂၀၀၀ ပြည့်နှစ်ရဲ့ ဆယ်စုနှစ်တစ်ခု ကုန်လွန်ခဲ့တယ်။ ကိုင်ဇာတင်မိုလည်း သီချင်းတွေ မလုပ်တော့ဘူးလို့ သတင်းကြားမိသေးတယ်။ ကမ္ဘာမှာလည်း Modern rock က main stream တောင် ပြန်ဖြစ်သွားပြန်ပေါ့။ အဲဒီလို မှေမှေပျောက်ပျောက် ရှိတော့မှ 'ရွှံ့စေးခြေထောက်' ထွက်လာခဲ့တယ်။

၂၀၁၀ နောက်ပိုင်းမှာ ပြည်တွင်းက ရာနဲ့ချီတဲ့ အန်ဒါဂရောင်းရော့ခ်နဲ့ မက်တယ်လ်ဘန်တွေ အွန်လိုင်းပေါ်ကနေ ဆွဲချ နားထောင်လို့ရတဲ့ ခေတ်ကို ရောက်လာခဲ့ပြီမို့ ကျွန်တော်လည်း ကိုယ်တို့ခေတ်က legend တွေအပေါ် အရင်လို ပုဂ္ဂိုလ်အစွဲအလမ်း သိပ်မရှိတော့ဘူး။ ကိုင်ဇာတင်မိုက သူ့ 'ရွှံ့စေးခြေထောက်'ထဲ ပါဝင်တဲ့ သီချင်းတွေရဲ့ အမျိုးအစားကို retro spectic တွေလို့ ခြုံငုံ သတ်မှတ်ပေးထားလေရဲ့။ ကျွန်တော်လည်း တစ်ခါမှ မကြားဖူးဘူးလေ။ ဆရာသမားကတော့ လုပ်ချလိုက်ပြန်ပြီလို့ တွေးမိသေးတယ်။ ဒါပေမဲ့ 'ရွှံ့စေးခြေထောက်' ထဲက အမူးအရူး၊ ဖွင့်မပြောဘူး၊ ဘာကြောင့်၊ ဆာလောင်ခြင်း၊ အရူး၊ မိုးခါးရေ စတဲ့ သီချင်းတွေကိုတော့ ကြိုက်ရပြန်တာပဲ။ ကျွန်တော် တစ်ယောက်တည်းအတွက်တော့ ဒီသီချင်းတွေက 'ကိုင်ဇာတင်မို အမျိုးအစား' သီချင်းတွေလေ။ ၂၀၂၂ ကိုရောက်ခဲ့ပေမယ့် သူ့ရဲ့ လွန်ခဲ့တဲ့ ၁၇ နှစ်က 'မျက်နှာ'က ဆရာကျတုန်းပဲလို့ ကျွန်တော်ကတော့ ထင်တာပဲ။

ကိုင်ဇာတင်မိုဆိုတာ ၂၀၀၀ ပြည့်နှစ်တွေမှာ ကျွန်တော့်ရဲ့ လူငယ်ဘဝ ပြဿနာနဲ့ အကျပ်ရိုက်မှုတွေကို နားလည်ပြီး နှစ်သိမ့်နိုင်စွမ်းတဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

နယ်မြို့လေးရဲ့ ကျဉ်းမြောင်းတဲ့ ပတ်ဝန်းကျင်ထဲ အငိုက်မိ မျောပါသွားလုလု ကျွန်တော့်အာရုံတွေကို လှုပ်နှိုးပြီး ခေတ်ပေါ်ကမ္ဘာကြီးနဲ့ ပြန်မျက်နှာချင်းဆိုင်စေတဲ့ ကျွန်တော့်ရဲ့ ဂီတမော်ဆရာ စိတ်ကူးယဉ် သူငယ်ချင်း (imagine friend) တစ်ယောက်ပေါ့။ သူနဲ့ အပြင်မှာ ဘယ်တော့မှလည်း တွေ့ဆုံခွင့်ရမှာ မဟုတ်တော့ဘူးဆိုတော့ သူက ကျွန်တော့်ရဲ့ imagine friend အဖြစ်ပဲ ဆက်ရှိနေတော့မှာပေါ့လေ။

၂၆၊ ၁၂၊ ၂၀၂၂။

■

ကိုင်ဇာတင်မှံ (၂၁၊ ၀၁၊ ၁၉၈၀–၂၅၊ ၁၂၊ ၂၀၂၂) ... သို့။
နောက်ခံတေး – ကိုင်ဇာတင်မှံ – မိုးခါးရေ။

mgyoe.com

mgyoe.com SAMPLE BOOK

## ကျွန်တော့်ရဲ့ ထူးအိမ်သင် လက်ရွေးစင်

၁၉၈၇ မှာ ထူးအိမ်သင်က 'မင်းအတွေးများ အားနည်းနေလား ... သွေးသစ်လဲလိုက်ပေါ့ အမှန်တရား ... လောကကောင်းကျိုး ထမ်းရွက်မယ့် လူသားတစ်ယောက်အဖြစ်နဲ့ ညီလေးရေ ... လမ်းရွေးပြီးရင် သွားပါ ... အချိန်မရှိပါ ... တို့နောက်မှာ သေခြင်းတရား'လို့ ဆိုခဲ့တယ်။ သီချင်းစီးရီးတစ်ခွေ ထုတ်ဝေတိုင်းမှာ အကျိုးပြုသီချင်းတစ်ပုဒ် ထည့်ရမယ်ဆိုတဲ့ မဆလခေတ် ညွှန်ကြားချက်အရ အဲဒီ 'ညီလေးရေ' သီချင်းကို ဖန်တီး ထည့်သွင်းခဲ့တယ်လို့ ဆိုကြပေမဲ့ ၉၀ ပြည့်နှစ်တွေတုန်းကတော့ အဲဒီသီချင်း နားထောင်ရင်း ကျွန်တော်တို့လည်း သူ့ရဲ့ညီလေး ဖြစ်ခဲ့ရတာပါပဲ။

သူ့ရဲ့ ပထမဆုံး စီးရီးဖြစ်တဲ့ 'နာရီပေါ်က မျက်ရည်စက်များ' (၁၉၈၇) ဟာ မြန်မာစတီရီယို ဂီတလောကအတွက်တော့ ပေါ့ပ်အသံသစ်တစ်ခု မွေးဖွားလာသလိုပဲ။ လွမ်းမိုး၊ ကိုင်ဇာ၊ ခိုင်ထူး၊ ဖိုးချို၊ ခင်မောင်တိုး၊ စိုင်းထီးဆိုင် စသူတို့ရဲ့ ပေါ့ပ်သီချင်းတွေနဲ့ မတူကွဲပြားတဲ့ ပေါ့ပ်ဂီတအသံသစ် တစ်ခု။ သူ့သီချင်းတွေက အနောက်တိုင်းဟန် ကဲတယ်။ နာရီ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်က မျက်ရည်စက်များ (၁၉၈၇)၊ မေ့ဘ်ဆရာ အိပ်မက် (၁၉၈၈)၊ သက်ငြိမ် (၁၉၈၉)၊ အတ္တပုံဆောင်ခဲများ (၁၉၉၁) စသဖြင့် ဆက်တိုက် ထွက်လာတဲ့ ထူးအိမ်သင် စီးရီးတွေကို နားထောင်ကြည့်ရင် သိသာ တယ်။ သူ့ရဲ့သီချင်းတွေမှာ Pop, Smooth Soul, Quiet Storm, Folk, Blues, Soft rock, Bossanova, Jazz fusion နဲ့ Psychedelic music အပါအဝင် အဲဒီဂီတ Genres တွေ အများဆုံး လွှမ်းမိုးမှု ရှိနေတာကို မြင်ရလိမ့်မယ်။

၈၉ အပြီးမှာ လူငယ်တွေရဲ့ စိတ္တဇကို ထင်ဟပ်တဲ့ 'သက်ငြိမ်' (၁၉၈၉) ထွက်ခဲ့တယ်။ 'ကိုယ့်ရဲ့အခန်းငယ်လေးထဲမှာ နေ့တိုင်း ... အား ငယ် ထိတ်လန့်စွာ ပုန်းအောင်းနေ တစ်ယောက်တည်း ... အလင်းရောင် များ ပျောက်ဆုံး ... အထီးကျန် ကမ္ဘာလေးပဲ ... တစ်လောကလုံး ရွံမုန်း စိတ်နာနေဆဲ ... ကိုယ့်ရင်ထဲမှာလည်း မှောင်မည်း ... ပေကျံကာ ပူလောင် နေဆဲ ... နေရောင်တချို့က အခန်းငယ်ထဲ ဟိုဒီယိမ်းထိုး ကခုန်နေဆဲ'။ သီချင်းရဲ့ concepts အရရော၊ စာသားဖွဲ့စပ်မှုအရရော၊ တေးသွား ဖန်တီးမှုအရရော အလွန် ခေတ်ရှေ့ပြေးတဲ့ သီချင်းတစ်ပုဒ် ဖြစ်တယ်။ ဆိုင်ခီဒဲလစ် အရသာကို (ဒီနိုင်ငံမှာ) ထူးအိမ်သင်က ၁၉၈၉ ကတည်းက ပေးထားတယ်။

'ကိုယ် အားလုံးနဲ့ တိုက်ခိုက်က ချစ်ခဲ့ရ ... နောက်ဆုံးတော့ အသည်းကွဲဖို့လား'တဲ့။ ဒါက သူ ရခဲ့ဖူးတဲ့ ချစ်သူ့လက်ဆောင် ဖြစ် မလားပဲ။ ယောကျ်ားတို့ မာန၊ မိန်းကလေးတို့ သဘာဝ လုပ်နေရင်းနဲ့ပဲ 'အခါလွန်မိုး'အောက်မှာ အခုတော့ ဝေးခဲ့ပြီလေလို့ ဆိုပြန်တယ်။ 'နာရီ ပေါ်က မျက်ရည်စက်များ'(၁၉၈၇)ကနေ 'အရင်အတိုင်း'(၁၉၉၁) အထိ စီးရီး ခြောက်ခွေ ထွက်ခဲ့ပြီးနောက် လူငယ်တွေရဲ့ ကက်ဆက်ထဲမှာ ထူးအိမ်သင်ရဲ့ ကက်ဆက်ခွေတွေသာ နေရာယူလာတယ်။

မဆလခေတ် အငွေ့အသက် လက်ကျန်နဲ့ နဝတခေတ် တဖြည်း ဖြည်း အကောင်အထည် ပေါ်လာချိန်တွေမှာ ဖြတ်သန်းခဲ့ရတဲ့ အနုပညာ သမားတွေရဲ့ အသည်းကွဲမှုမျိုး ထူးအိမ်သင်မှာလည်း ပျစ်ခဲနေအောင်

mgyoe.com

mgyoe.com SAMPLE BOOK




တွေ့ရတာပါပဲ။ 'နာရီပေါ်က မျက်ရည်စက်များ'နဲ့ 'စိမ်းရက်လေအား' သီချင်းတွေဟာ ချစ်သောသူနဲ့ ကွေကွင်းရခြင်း အကြမ်းစားတွေပဲ။ အဲဒီခေတ်က မိန်းကလေးတွေဟာ ရတ်တရက် ကျောခိုင်းသွား၊ ပျောက်ဆုံးသွား၊ ပြောင်းလဲသွားတတ်ပုံ ရတယ်။

'နွေကျောင်းပိတ်ရက်တွေ လွန်ချိန်မှာ သူ ပြန်မလာနိုင်ပြီပဲ ... ဘာကြောင့်လဲ ကိုယ် မသိတော့ပါ ... ဂျပ်ဆင်ထိပ်က လရိပ်ပြာရယ်' ဆိုတဲ့ သံစဉ်နဲ့ စာသားဟာ အဆောင်ရှေ့မှာ ကြွေပြရုံ အချစ်သီချင်းတစ်ပုဒ်ထက် အများကြီး ပိုတယ်။ ကျောင်းတက်လိုက်၊ တစ်နှစ်ပြီးတော့ ကိုယ့်ရပ်ကိုယ်ရွာ ပြန်သွားလိုက်နဲ့ ကျောင်းသား စုံတွဲတစ်တွဲဟာ တစ်ခုသော စာသင်နှစ်မှာတော့ ကွဲကွာသွားကြတယ်။ ကွဲကွာရတဲ့အထိ အထူးအဆန်း မဟုတ်သေးဘူး။ 'ဘာကြောင့်လဲ ... ကိုယ် မသိတော့ပါ' ဆိုတာ ပါလာတော့ ချစ်သူကို တမ်းတမှုအပြင် သိခွင့်မရတဲ့ အခြေအနေတွေ နှုတ်ဆက်ခွင့်၊ မျှော်လင့်ခွင့်တောင် မရဘဲ ကွဲကွာသွားရတဲ့ အခြေအနေမျိုး ဖြစ်လာတယ်။ အဲဒီခေတ်က တက္ကသိုလ် ကျောင်းသူကျောင်းသား

mgyoe.com

mgyoe.com SAMPLE BOOK

တွေရဲ့ဘဝဟာ လမ်းစ ပျောက်နေတာ၊ ပျက်စီးပျောက်ဆုံးသွားဖို့ အကြောင်းတွေ အများကြီး ရှိနေတာဟာ မီးမထွန်းတဲ့ အခန်းကျဉ်းလေးထဲ လိပ်ပြာငယ်လေး ဝဲနေသလိုပါပဲ။

၁၉၉၁ ဟာ ထူးအိမ်သင်ရဲ့ သီချင်းတွေ နေရာတိုင်းမှာ ကြားရနိုင်တဲ့နှစ်ပဲ။ 'အတ္တ ပုံဆောင်ခဲများ'၊ 'အကြွင်နာ အိပ်မက်' (အောင်ရင်နဲ့တွဲလျက်) နဲ့ 'အရင်အတိုင်း' အခွေ သုံးခွေ (၁၉၉၁) တစ်နှစ်တည်းမှာ ထွက်ခဲ့တယ်။ 'အတ္တ ပုံဆောင်ခဲများ' စီးရီးတစ်ခုလုံးဟာ ထူးအိမ်သင် တစ်ယောက်တည်း ရေးဖွဲ့ထားတာဖြစ်ပြီး တစ်ပုဒ်မကျန် သပ်ရပ် ကောင်းမွန်လှတယ်လို့ ဆိုနိုင်တယ်။ ထူးအိမ်သင်ရဲ့ အကောင်းဆုံး လက်ရာလို့ ကျွန်တော် ထင်တာပဲ။

'မြို့ပြည်များ' သီချင်းထဲမှာ 'ညငှက်များက တေးဆိုပျံဝဲ ဝိုးတဝါး အလင်းရောင် ရှာရင်းနဲ့ ... အဆက်စပ်မဲ့တဲ့ ဘဝတွေ နေမြဲ ... မငြိမ်းသော မီးတွေ ရင်ထဲစွဲ' ဆိုတဲ့ စာသားမျိုးကို တွေ့ရတာဟာ ထူးအိမ်သင်ကို ယနေ့တိုင် လက်မလွှတ်နိုင် ဖြစ်ရတဲ့ အချက်တွေပဲ။ မော်ဒန် စာပေတွေမှာ တွေ့ရတဲ့ မြို့ပြအာရုံခံစားမှု၊ အထီးကျန် ကင်းကွာမှုနဲ့ လူသားအဖြစ်က လျှောကျမှု စတဲ့ လက္ခဏာတွေကို မြို့ပြည်များမှာ အထင်အရှား တွေ့ရတယ်။ မြို့ပြည်များထဲက ဘဝတွေဟာ သူနဲ့ အဆက်အစပ် မဲ့လျက် ရှိနေတယ်။ ဘဝတစ်ခုနဲ့ တစ်ခုဟာလည်း နေ့တိုင်းညတိုင်း အဆက်အစပ် မဲ့နေမြဲပဲ။ တိတ်ဆိတ် ညနက်ထဲမှာ တစ်ယောက်တည်း ဖြစ်နေတဲ့ သူ့အဖြစ်ကို ဘယ်သူမှလည်း သိပုံမရ၊ ဘယ်သူနဲ့မှလည်း ပတ်သက် ဆက်စပ်မှု မရှိ၊ သူ့ရဲ့ အထီးတည်းဖြစ်မှုဟာ ပိုပို ထင်ရှားလာပြီး မြို့ပြည်ရဲ့ လူတွေ အဆောက်အဦးတွေများစွာ ကြားမှာ ဝိညာဉ် တစ်ခုပမာ လေလွင့်နေတော့တဲ့အထိပဲ။

ကမ္ဘာ့ဂီတတွေနဲ့ ဝတ်မှုန်ကူးလေ့ရှိတဲ့ သူက မိခင်နိုင်ငံရဲ့ အသက် သွေးကြော စီးဆင်းနေပုံတွေကိုလည်း မမေ့မလျော့ နှလုံးသွင်းထားလေ့ ရှိတာကို 'အတ္တ ပုံဆောင်ခဲများ'(၁၉၉၁)' စီးရီးထဲက 'ရာဇဝင်များရဲ့ သတို့သမီး' နားထောင်ကြည့်ရင် သိလိမ့်မယ်။ ခေတ်ပေါ်ကဗျာ ဆန်လှတဲ့

mgyoe.com

mgyoe.com SAMITAR BOOK

စာသားဖွဲ့စည်းမှုနဲ့အတူ ထူးအိမ်သင်ရဲ့သီဆိုပုံကို နားထောင်ရတိုင်း မိတ်ဆွေတို့ဟာ သမိုင်းကို ဖြတ်စီးနေတဲ့ ဧရာဝတီမြစ်ကြောင်းအတိုင်း လိုက်ပါရင်း တွေးတော ငေးမောနေမိလိမ့်မယ်။ လေးဖြူ ဖူကူအိုကာ ရှိုးမှာ ကိုယ်ပိုင်သံစဉ်ပဲ ဆိုရမယ်ဆိုလို့ ထူးအိမ်သင်ဆီက သတို့သမီးကို ခဏငှားခဲ့ရသေးတယ်။ အဲဒီပွဲက IC ရဲ့ ရှော့ခ်ဗားရှင်းကို ထူးအိမ်သင် နှစ်သက်မယ်လို့ မျှော်လင့်မိတယ်။ လေးဖြူရဲ့ သားကောင်ထဲက 'လွမ်းသူ့ အိပ်မက်'လည်း ထို့အတူပဲ။ IC ရဲ့ အသံထွက်က ထူးအိမ်သင်ရဲ့ စာသားကို ပိုပြီး အသက်ဝင် လှပစေခဲ့တယ်။ မူရင်းမှာ မပါတဲ့ ဆွတ်ပျံ့ လွမ်းဆွေးဖွယ်ရာ ကာလရာသီ ဝေးကွာ ခြားနားသွားမှုတွေ IC ရဲ့ တီးခတ်မှုမှာ ပါဝင်လာခဲ့တယ်။ နားဆင်သူရဲ့ နှလုံးသားပေါ် နှင်းလေးတွေတောင် ကျလာသလိုလို။ ၉၆ မတိုင်ခင်က ထူးအိမ်သင် ထွက်ခဲ့သမျှ အခွေတွေကို ဒီကနေ့ Iron Cross နဲ့ ပြန်တီးကြည့်ရင် ဘယ်လိုနေမလဲလို့ စိတ်ကူးယဉ်နေမိတယ်။

'အရင်အတိုင်း' (၁၉၉၁) ကတော့ တစ်ခွေလုံး တေးရေး ဝင်းမင်းထွေးရဲ့ လက်ရာ။ အဲဒီစီးရီးမှာ ကော်ပီသီချင်းတွေက အများစု ဖြစ်ပေမဲ့ ဝင်းမင်းထွေးရဲ့ စကားလုံးတွေကိုတော့ အသိအမှတ်မပြုပဲ မနေနိုင်ပါဘူး။ အဲဒီကာလတွေရဲ့ အကောင်းဆုံး (တေးရေး၊ တေးဆို) အတွဲအစပ် တစ်ခုပဲပေါ့ ။ 'တမ်းတခဲ့တဲ့ ဘဝရဲ့ပန်းတိုင် ဘာတွေလဲ ... မင်း သိခဲ့တဲ့ ဘဝရဲ့ အဓိပ္ပာယ် ဘာတွေလဲ ... မင်းသိမှာပါ ... ငါလေ တစ်ယောက်တည်း အထီးကျန်'။ 'အထီးကျန်'ဟာ မြို့ပြရဲ့ မော်ဒန်လူသားရဲ့ နာကျင်မှုတွေကို ပီပီသသ ကြားရနိုင်တဲ့ သီချင်းတစ်ပုဒ်ပါပဲ။ လမ်းဘေး ကဖေးလေးမှာ တစ်ယောက်တည်း အကြာကြီး ထိုင်ပြီး တွေဝေ ငေးမောနေရတဲ့ ဘဝတွေဟာ မြို့ပြရဲ့ နေရာအနှံ့အပြားမှာ တွေ့လာရပြီ။ လူဦးရေ ထူထပ်လာတဲ့ မြို့တွေပေါ်မှာ အထီးကျန်နေတဲ့ လူငယ်တွေ တစ်ယောက်ပြီး တစ်ယောက်။ 'ခွဲလမ်းမှုအတွက် တစ်ခါထပ်မှား ... အဆိပ်မှန်း သိလျက် ငါသောက်တယ် ... သံသယာအစွန့် ရှည်လေပြီ'။ ဝင်းမင်းထွေးက ရေးတယ်၊ ထူးအိမ်သင်က ဆိုတယ်။ 'ဒါ ... ငါ မဟုတ်ဘူး ... ဒါ ...

mgyoe.com

mgyoe.com SAMPLE BOOK

ငါ့အရိပ်တွေ ...'တဲ့။ အဲဒီ 'အိပ်မက်'သီချင်းကို မြေပဲယိုအဖွဲ့နဲ့အတူ မင်းမော်ကွန်းကလည်း အော်လ်တာရော့ခ်စတိုင်နဲ့ ပြန်အော်ခဲ့သေးတယ်။ ဒါဟာ ... ငါ မဟုတ်ဘူး ... တဲ့။ 'အရင်အတိုင်း'စီးရီးထဲမှာ ကျွန်တော့်ရဲ့ အကြိုက်ဆုံး ထူးအိမ်သင်သီချင်း လေးပုဒ် ပါတယ်။ 'အထီးကျန်' 'ဒုက္ခမြစ်များ'၊ 'ဗင်းဆင့်ဗန်ဂိုး တမ်းချင်း' နဲ့ 'အိပ်မက်'။ အဲဒီသီချင်းတွေက ကော်ပီတွေ ဆိုပေမဲ့ အဲဒီကော်ပီသီချင်းမျိုးကို သူတို့ မရေးဖြစ်၊ မဆိုဖြစ်ခဲ့မှာတောင် ကျွန်တော် တွေးပူရသေးတယ်။ ဝင်းမင်းထွေးရဲ့ ကျစ်လျစ် လှပတဲ့ ခေတ်ပေါ်ကဗျာဆန်ဆန် စာသားအကြောင်းအရာကို အသံထွက် သီဆိုဖို့ ထူးအိမ်သင်ရဲ့ Mood နဲ့ အဆိုပညာက လွဲရင် နောက်တစ်ယောက် အစားထိုး မရနိုင်လောက်ဘူးလို့ ဆိုချင်ပါရဲ့။ 'ဗင်းဆင့်ဗန်ဂိုး တမ်းချင်း' ကို ကျွန်တော် တက္ကသိုလ် ပထမနှစ်လောက်မှာမှ အသေအချာ ခံစားနိုင်ခဲ့တယ်။ အဲဒီသီချင်း နားထောင်တိုင်း ဘာကြောင့်မှန်း မသိ၊ ဗန်ဂိုးရဲ့ ပန်းချီကားနောက်ခံတွေနဲ့အတူ ထူးအိမ်သင်ကို မြင်ယောင်နေမိတယ်။

'ဘဝမှာ အကြိမ်ကြိမ် အခါခါ ရှုံးလည်း မာနက အကြီးသား ... ကိုယ် ယုံကြည်ရာကို ဈေးကွက်တင်ရောင်းဖို့ ခက်နေလို့တဲ့ ... ပိုက်ဆံတစ်ပြားမှ မရှိလည်း ဂုဏ်သိက္ခာ ရှိချင်သေးသတဲ့'။ အမေ့ရဲ့ ဒုက္ခအိုးလေးဟာ ၈၀၊ ၉၀ ပြည့်နှစ်တွေက အနုပညာသမားတွေရဲ့ မိသားစုဘဝတွေများလား။ ခေတ်ကာလ ဈေးကွက်မှာက သူ မယုံကြည်တဲ့ အယူအဆတွေ၊ အနုပညာတွေ များနေပုံပဲ။ အနုပညာနဲ့ နေထိုင်ရင်း မိသားစုကြားအရှုံးသမားတစ်ယောက် ဖြစ်လာတဲ့ သားတစ်ယောက်ရဲ့ ဘဝအကြောင်း သရော်သံစွက် ဖွဲ့သီမှုကို Jazz တေးသွားနဲ့ တည်ဆောက်ထားပုံဟာ အလွန်လှပတယ်လို့ မြင်မိတယ်။

'ငါဟာ အတ္တမဲ့ အလင်းတစ်ခု ဖြစ်ချင်တယ် ... ပိုင်ဆိုင်တာတွေ စွန့်ပစ်ခဲ့ ... ရေလို စီးဆင်းသွားချင်လည်း ...' တဲ့။ 'အစိမ်းရောင် တံခါးများ' ရဲ့ အတွင်းဘက်မှာ လူးလိမ့်နေတဲ့ သူ့နှလုံးသားကို တွေ့ရ။

'စကားလုံးမရှိတဲ့ ကောင်းကင်'(၁၉၉၅) ထွက်လာတော့ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်တန်း ပြေပြီးတဲ့အချိန်။ တစ်နှစ်ပတ်လုံးလုံး အငဲရဲ့ ပထမဆုံး စီးရီး 'ဝိညာဉ်များနဲ့ ကခုန်ခြင်း' ဖွင့်လိုက်၊ ထူးအိမ်သင်ရဲ့ 'စကားလုံးမရှိတဲ့ ကောင်းကင်' ဖွင့်လိုက်နဲ့ပဲ။ ထုံးစံအတိုင်း အဲဒီစီးရီးမှာလည်း (တစ်ခွေလုံး မြင့်မိုးအောင် ရေးပြီး) သီချင်းအမျိုးအစား (Pop, Pop Rock, Blues, Jazz, Folk, Heavy Rock စသဖြင့်) အစုံအလင် ပါခဲ့ပြန်တယ်။ ဒါပေမဲ့ ဘယ်ကော်ပီသီချင်းဖြစ်ဖြစ်၊ ဘယ်အမျိုးအစားဖြစ်ဖြစ် 'ထူးအိမ်သင်သီချင်း' ဖြစ်သွားရတဲ့အထိ သူက ဖန်တီးနိုင်တယ်။ လမ်းဘေးအုတ်ခုံတွေမှာ လူငယ်ဂစ်တာဝိုင်းတွေက 'အလွမ်းရဲ့ မီးလျှံများ'ကို သီဆိုတီးခတ်နေကြသလို လူလတ်ပိုင်းတွေကလည်း 'ကောင်းကင်ထဲက မြစ်တစ်စင်း'ကို အကြိမ်ကြိမ် ဖွင့်နားထောင်လို့။ Title Song ဖြစ်တဲ့ 'စကားလုံးမရှိတဲ့ ကောင်းကင်'ကို ဆိုနိုင်၊ တီးနိုင်ရင် အဲဒီတုန်းက အကောင်ပဲ။ အဲဒီတုန်းက ကျွန်တော်က လေးဖြူကို ရူးသွပ်နေချိန်မို့ သူတို့နှစ်ယောက်တွဲဆိုထားတဲ့ 'ရင်ထဲက မိုးစက်များ'ဆိုတဲ့ တစ်ပုဒ်ကို အမြဲတမ်း အော်ဆိုတယ်။ 'အသည်းကွဲခဲ့တဲ့ ကမ္ဘာ'နဲ့ 'သန်းခေါင်ယံည အဆွေးများ' ဆိုတဲ့ နှစ်ပုဒ်ကိုတော့ နောက်ထပ် ဆယ်နှစ်ကျော်လောက်ကြာမှ ပြန်နားထောင်ပြီး ကြိုက်ရ၊ အသည်းကွဲရပြန်တယ်။ 'ဒီမှာ နတ်ဘုရားများက ဘယ်ကို ထွက်ပြေးသွားလဲ ... ဒီမှာ ဆုတောင်းခြင်းများစွာလည်း မပြည့်ဝခဲ့ ...'။ 'မျှော်လင့်ခြင်းမဲ့ လူသားတို့ ဘဝ'တဲ့။ ခေတ်ပေါ်ကဗျာဆရာ တစ်ဖြစ်လဲ တေးရေး မြင့်မိုးအောင်က နတ်ဘုရားတွေရဲ့ အစွန့်ပစ်ခံ လူသားကမ္ဘာအဖြစ်ကို အဆုံးစွန်ထိ ရေးဖွဲ့ထားသလို ထူးအိမ်သင်ကလည်း ဖြစ်တည်မှုချောက်ကမ်းပါးကြီးထဲကနေ အော်ဟစ် သီဆိုနေသလိုပါပဲ။ 'အသည်းကွဲခဲ့တဲ့ ကမ္ဘာ'က အမြဲတမ်းအတွက် ကျွန်တော် အကြိုက်ဆုံးသီချင်းတွေထဲက တစ်ပုဒ် ဖြစ်လာခဲ့တယ်။

ထူးအိမ်သင်ရဲ့ 96 Unplugged ပွဲမှာ စင်အောက်ကနေ 'လေးဖြူ ... လေးဖြူ' နဲ့ အော်နေကြတော့ လေးဖြူက စင်ဘေးကနေ ထူးအိမ်သင်အတွက် အတော်လေး အားနာနေသတဲ့။ အဲဒါကို ထူးအိမ်သင်က အင်တာဗျူးမှာ ဘယ်လို ပြောလဲဆိုတော့ ကိုလေး အားနာနေတာကို သူက

mgyoe.com

mgyoe.com

အားနာရပါသတဲ့။ အဲဒီပွဲမှာ 'အမေ့အိမ်'ကို လေးဖြူနဲ့ ထူးအိမ်သင် တွဲဆိုခဲ့ပါတယ်။ ကျွန်တော် အဲဒီသီချင်း နားထောင်ဖူးပြီး ဆယ်နှစ်လောက်ကြာတော့မှ အရင်က မကြားခဲ့ရတဲ့ အသံတွေ ထပ်ကြားရတာ။ လွတ်လပ်မှုတွေ ရှာရင်း ရှုးသွပ်မှုတွေနောက် လိုက်ရင်း မြို့ပြရဲ့ အကျဉ်းထဲ အကျပ်ထဲ ပိတ်မိကုန်တဲ့ လူငယ်တွေရဲ့ Homesick ပူဆွေးတမ်းတမှု အသံပေါ့လေ။ အဲဒီကာလက ကျောင်းသားအားကစားပွဲတော် ပြီးလို့ အနယ်နယ်အရပ်ရပ်က လူငယ်တွေ အိမ်ပြန်ကြတဲ့အခါ ရထားပေါ်မှာရော ကားပေါ်မှာရော သင်္ဘောတွေပေါ်မှာပါ 'အမေ့အိမ်'သီချင်းကို ဆိုကြ၊ တီးကြ၊ ဖွင့်ကြနဲ့ အတွေးကိုယ်စီနဲ့ ငြိမ်သက်ပြီး လိုက်ပါလာတတ်တဲ့အကြောင်း ကျောင်းသားပွဲတွေ လျှောက်လိုက်ဖူးတဲ့ အဖေက ပြောပြခဲ့ဖူးတယ်။

၉၀ ပြည့်နှစ်ရဲ့ ထူးခြားတဲ့ အသံပိုင်ရှင်တွေဖြစ်တဲ့ ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ ဘိုဘို၊ စည်သူလွင်တို့ ထိုင်းက စတူဒီယိုမှာ တီးကြ၊ ဆိုကြတဲ့ 'Big V' စီးရီးထဲက 'အပြန်' ဆိုတဲ့ တစ်ပုဒ်လည်း ထူးအိမ်သင်တွေထဲက ကျွန်တော် အကြိုက်ဆုံးတွေထဲမှာ ပါတယ်။ 'ငါ ဘာတွေသေချာခဲ့သလဲ မသိချင်တော့ … ပြေလည်အောင် ရင်မှာ အလျော်အစားမရနိုင်တော့ … ခွင့်လွှတ်ရင်းနဲ့ ငါ ပြန်လာခဲ့ရပြီ …'တဲ့။ သီချင်းထဲမှာ ဘယ်က ပြန်လာခဲ့သလဲလို့ အတိအကျ ရေးမထားဘူး။ တစ်နယ်တစ်ကျေး အဝေးရောက်နေရာက အပြန်၊ ထောင်က အပြန်၊ ချစ်သူဆီအပြန်၊ မိသားစုထံ အပြန်၊ အိမ်တစ်အိမ် မြို့တစ်မြို့ကနေ အဝေးကြီးထွက်ပြေးခဲ့ပြီးမှ ပြန်လာချင်ခဲ့ရပြန်တဲ့ အပြန်၊ ဘယ် အပြန်မဆို ဖြစ်နိုင်တယ်။ ကျွန်တော်ကတော့ လူငယ်ဘဝ တဖြည်းဖြည်း ရွေ့လျားလာတာနဲ့အမျှ အဲဒီ 'အပြန်' စာသားကို ပိုမိုကျယ်ပြန့်စွာ ဆင့်ပွား ခံစားနေမိတယ်။ ငွေကြေး၊ ဂုဏ်သိက္ခာ၊ ဉာဏ်ပညာ စသဖြင့် တွေ့ရှိနိုးနဲ့ ရှည်လျားကြမ်းတမ်းလှတဲ့ ရှာဖွေခြင်း ခရီးလမ်းတွေက အပြန်၊ နားလည် သဘောပေါက်မှုတွေနဲ့ နောင်တ တစ်ပွေ့တစ်ပိုက်နဲ့ သူ့ရဲ့အပြန်ဟာ လူသားအားလုံးရဲ့ အပြန်ပဲလို့ ခံစားနေမိတယ်။

၉၆ မှာ ထွက်ခဲ့တဲ့ 'မြို့ပြလရောင်တမ်းချင်း'ဟာ ကျွန်တော်

mgyoe.com

mgyoe.com

သိသလောက် မြန်မာပြည်မှာ ပထမဆုံး ကွန်ပျူတာနဲ့ တီးခတ်တဲ့ စီးရီး ပဲ။ ဆော့ဖ်ဝဲနဲ့ တီးခတ်ထားတဲ့ ဒရမ်သံတွေကို ဒီစီးရီးမှာ စကြားဖူး တာပဲ။ သီချင်း ခြောက်ပုဒ်ပဲ ပါတယ်။ 'အိပ်မက်ထဲက နှုတ်ခမ်းလေး'၊ 'ဇာတ်သိမ်း အလွမ်းခန်း'ကို အဲဒီတုန်းက ကြိုက်ခဲ့ပေမဲ့ အခု မကြိုက် တော့။ Title song 'မြို့ပြလရောင်တမ်းချင်း'ကိုတော့ ဟိုတုန်းက နား မထောင်တတ်ခဲ့ပေမဲ့ အခုတော့ Blues rock သီချင်းကောင်းတစ်ပုဒ် အဖြစ် နှစ်သက်နေမိပြန်ရဲ့။ 'အိမ်ပြန်ချိန်များ'လည်း ထို့အတူ။ vocal နောက်မှာ ညင်ညင်သာသာလေး လိုက်ပါနေတဲ့ Jazz တေးသွားလေး တွေကို ခံစားတတ်လာတော့မှပဲ သီချင်းရဲ့အရသာက ပိုပေါ်လွင်လာ တော့တာ။ 'လေလွင့်ခြင်း လမ်းမများ'ကတော့ ကျွန်တော်တို့ ကာရာ အိုကေဆိုင် ရောက်တိုင်း ဆိုကြတဲ့ သီချင်းပေါ့။ 'အမေ့အိမ်'သီချင်းထဲက လူငယ်ဇာတ်ကောင်ကို ရှော့ခ်ဗားရှင်းနဲ့ ပြန်တွေ့ရသလိုမျိုး။ အဲဒီသီချင်း ကတော့ ပေါက်လွန်းအားကြီးလို့ ကျွန်တော့်နားထဲ ရိုးသွားတဲ့အထိပဲ။

ထူးအိမ်သင်ဟာ ၉၀ ပြည့်နှစ် နှောင်းပိုင်းတွေမှာ ပုရွက်ဆိတ် တွေနဲ့ တွဲမိခဲ့သေးတယ်။ မြန်မာနိုင်ငံရဲ့ အကောင်းဆုံးသော အော်လ်တာ နေးတစ် စီးရီးတစ်ခုဖြစ်တဲ့ The Ants ရဲ့ 'ရောင်စုံချောကလက်'(၁၉၉၇) မှာ ထူးအိမ်သင် နှစ်ပုဒ် ပါတယ်။ The Ants တွေနဲ့ တွေ့ပြီး ထူးအိမ်သင် လည်း Alternative ခဏ ဖြစ်သွားခဲ့သေးတယ်။ အဲဒီစီးရီးမှာ နာမည်ကြီး အဆိုတော်တွေ အများကြီး ပါပေမဲ့ ဘယ်သူ့နာမည်မှ ဖော်ပြမထားပဲ The Ants လို့ပဲ ထွက်ခဲ့တယ်။ လေးဖြူ၊ အငဲ၊ ဟယ်ရီလင်း၊ ဘိုဘို၊ ထူးအိမ်သင် သူတို့အားလုံး The Ants တွေ ဖြစ်သလို ရောင်စုံချောကလက် ဟာ သူတို့အားလုံးရဲ့ ပေါင်းစပ် ဖန်တီးမှုပဲ။ ဒီစီးရီးထဲက မောင်မောင် ဇော်လတ် ရေးတဲ့ 'ငပျင်း' ကို ထူးအိမ်သင် ဆိုထားမှန်း လူတွေ သိပ်မသိခဲ့ ကြဘူး။ အော်လ်ထဲက ထွက်တဲ့ အသံမျိုး effect သုံးထားတာကြောင့် လည်း ပါတယ်။ နောက်တစ်ပုဒ်ကတော့ ကေအေတီ ရေးထားတဲ့ 'မိုးတိမ် များအကြောင်း'။ ကျွန်တော် အော်လ်တာနေးတစ်ကို ရှုးသွပ်စွာ နားထောင် မိတဲ့ အချိန်တွေတုန်းက နားထဲ မရောက်ခဲ့တဲ့ သီချင်း၊ ရောင်စုံ ချော

mgyoe.com

mgyoe.com

ကလက်မှာ ချန်ပြီး နားထောင်ခဲ့တဲ့ ထူးအိမ်သင်ရဲ့ မိုးတိမ်များအကြောင်း ပေါ့။ အော်လ်တာနေးတစ်လို့ သတ်မှတ်ရ ခက်သလို Soul ဆန်ဆန်၊ Blues ဆန်ဆန်နဲ့ တယော၊ စောင်းနဲ့ မြန်မာဆိုင်းဝိုင်းထဲက စည်းကို တီးခတ်ပြီး ဖန်တီးထားတဲ့ အမျိုးအမည် သတ်မှတ်ရခက်တဲ့ သီချင်း တစ်ပုဒ် ဖြစ်တယ်။ ရောင်စုံချောကလက် ထွက်ပြီး ဆယ်နှစ်လောက် ကြာတော့မှ 'မိုးတိမ်များအကြောင်း'က ကျွန်တော့်ခေါင်းပေါ် အုံ့ဆိုင်း လာတော့တာ။ သီချင်းထဲမှာ ပါဝင်တဲ့ စာသားနဲ့ အသံတွေက ဘဝရဲ့ တိုတောင်းမှု၊ မရေရာမှု၊ နိဗ္ဗိဖြစ်မှုနဲ့ လူသားရဲ့ နာကျင် ကြေကွဲရမှုတွေ တစိမ့်စိမ့် စီးကျနေပြီး ခင်ဗျားနှလုံးသားကို အခေါင်းပေါက်ကြီး ဖြစ်တဲ့ အထိ လှိုက်စားသွားလိမ့်မယ်။

၁၉၉၈၊ ကျွန်တော် ရန်ကုန်မှာ ကိုးတန်းကျူရှင်တက်ရင်း 'စောဘွဲ့မှူး အမှတ်တရ'အခွေကို CMP ဆိုင်မှာ သွားဝယ်ခဲ့တယ်။ ကျွန်တော် က Iron Maiden တီရှပ်အနက်နဲ့ အဖေ လူပျိုတုန်းက ဝတ်ခဲ့တဲ့ Wrangler ဂျင်းဘောင်းဘီနဲ့၊ ဆံပင်အလယ်ခွဲ နီကြောင်ကြောင်နဲ့၊ သွားလေရာ ယူ ဆောင်နေတဲ့ ချိုင်းနားမိတ် နားကြပ်ကက်ဆက်တစ်လုံးနဲ့။ အခွေထွက် မယ့် ရက်မှာ ကျွန်တော်က CMP ဆိုင်ရှေ့မှာ မနက်အစောကြီးကတည်း က သွားထိုင်နေခဲ့တာ။ CMP က အစ်ကိုကြီးက ပြောတယ်။ တစ်နိုင်ငံ လုံးမှာ မင်း ပထမဆုံးပဲ ညီလေးတဲ့။ အဲဒီ 'စောဘွဲ့မှူး အမှတ်တရ' ထဲမှာ ပါတဲ့ ထူးအိမ်သင်ရဲ့ 'ပဲ့ကိုင်' သီချင်းကို ရင်ခုန် စိတ်လှုပ်ရှားဖွယ် နားထောင်ခဲ့ရတာ မှတ်မိနေသေးတယ်။ အရင် ဖိုးချို ဆိုခဲ့တဲ့ သီချင်း တစ်ပုဒ်လို့ သိရတယ်။ (အဲဒီတုန်းက ကျွန်တော် ဖိုးချိုရဲ့ ပဲ့ကိုင်ကို နား မထောင်ဖူးသေးဘူး) စောဘွဲ့မှူးရဲ့ သံစဉ်စာသားရယ်၊ ထူးအိမ်သင်ရယ်၊ IC ဗားရှင်းရယ် ပေါင်းလိုက်တော့ ထူးခြား လှပတဲ့ ကိုယ်ပိုင်သံစဉ်တစ်ပုဒ် ဖြစ်လာခဲ့တယ်။ မုန်တိုင်းထဲမှာ လူးလွန့်နေတဲ့ လှေငယ်တစ်စင်းရဲ့ အိမ် ပြန်ခရီး။ ပဲ့ကိုင်နေရာမှာ ထူးအိမ်သင်ကို မြင်ယောင်မိလိုက်၊ ကိုယ့်ကိုယ် ကိုယ် မြင်ယောင်မိလိုက်နဲ့ ဖြစ်စေတယ်။ သီချင်းက ရုပ်ရှင်ဇာတ်ဝင် သီချင်း (Movie Theme) တစ်ပုဒ်လို ခံစားရတယ်။ solo ဝင်တဲ့နေရာမှာ

mgyoe.com

mgyoe.com SAMPLE BOOK


ဆင်ဖိုနီဆန်ဆန်စွာ တီးခတ်ထားတယ်။ သီချင်းထဲမှာ ရုပ်ရှင်တစ်ကား ပါဝင်နေသလိုပဲ။

အဲဒီနောက်ပိုင်း ထွက်တဲ့ အခွေတွေတော့ ကျွန်တော်ဟာ တစ်ခွေကို တစ်ကြိမ်ထက်အပြင် ပိုနားမထောင်မိတော့ဘူး။ ၂၀၀၀ ပြည့်နှစ်အလွန် ကမ္ဘာမှာ Modern Rock နဲ့ Nu Metal တွေဟာ ကျွန်တော်ရဲ့ တအုံနွေးနွေး ဝေဒနာတွေ၊ ၂၁ ရာစု ကမ္ဘာကြီးနဲ့ ကျွန်တော့်ရဲ့ ကြားက ပြဿနာတွေကို ဖောက်ခွဲပစ်ဖို့ ပေါ်ပေါက်လာခဲ့ပြီ။ (မြန်မာ) Hip Hop တွေ မျိုးဆက်တစ်ခု ပေါ်လာလိုက်၊ အတုအယောင်တွေ ပေါ်လာလိုက်၊ တော်လှန်ဖို့ မျိုးဆက်တစ်ခု ထပ်ထွက်လာလိုက်နဲ့ ကျွန်တော့်ရင်ခုန်သံဟာလည်း သူတို့ ကာရန်အတိုင်း လိုက်ပါနေခဲ့ပြီ။ ပေါ့ပ် ဆန်လွန်းတာတွေ စာသားတွေမှာ ရိုမန်တစ် ကဲလွန်းတာတွေ ကျွန်တော့်နားထဲမှာ ငြီးငွေ့သွားခဲ့ပြီ။ ထူးအိမ်သင် အခွေသစ်တွေနဲ့ ကျွန်တော် နည်းနည်း ဝေးသွားခဲ့ပေမဲ့ 'အစိမ်းရောင် ရက်စွဲများ' (၂၀၀၁) ထဲ အယ်လ်ဖြူ ရေးတဲ့ 'ညကပွဲ'၊ မောင်မောင်ဇော်လတ်နဲ့ တွဲရေးပြီး ထူးအိမ်သင် ဆိုထားတဲ့ 'မဟာဝီရ' အဒီသီချင်းတွေကတော့ ကျွန်တော့်ကို ပြန်ဆွဲဆောင်နိုင်ခဲ့တယ်။ ဗုဒ္ဓကို 'မဟာဝီရ'လို့ သုံးစွဲထားတဲ့ အသုံးအနှုန်းနဲ့ ပတ်သက်ပြီးတော့ ဂျာနယ်တွေပေါ်မှာ အတော်လေး အငြင်းပွားစရာ ဖြစ်ခဲ့ကြသေးတာပေါ့။ ဒါပေမဲ့ ဗုဒ္ဓနဲ့ သူ့ဓမ္မတွေကို ဂီတနဲ့ ပူဇော်ထားတဲ့ သူတို့ရဲ့ အနုပညာကတော့ မိတ်ဆွေကို ဗုဒ္ဓရဲ့အဘိဓမ္မာတွေ ပွဲတင်ထပ်နေတဲ့ ရာစုဟောင်းက အဆောက်အဦးတွေရှိရာ ပရိဝုဏ်နယ်ပယ်တစ်ခုဆီ ပြန်ခေါ်သွားလိမ့်မယ်။

ထူးအိမ်သင်ပရိသတ် အများစု နားထောင်ချင်ကြတာက ၂၀၀၃ မှာ ထွက်လာတဲ့ 'တစ်နေ့စာ အလွဲများ' စီးရီးထဲက သီချင်းတွေမျိုး ဖြစ်တယ်။ တသက်စာ အမှတ်တရ၊ အဓိပတိလမ်းက ခြေရာများ၊ နွေဦးကံ့ကော် ... အဲသလို သီချင်းတွေမျိုးကို လူတွေ သိပ်ကြိုက်ကြတယ်။ ပေါက်တယ်ပေါ့။ ကျွန်တော့်အနေနဲ့တော့ အဲဒီသီချင်းတွေနဲ့စာရင် သူ့ရဲ့ နောက်ဆုံးစီးရီးဖြစ်တဲ့ 'ချစ်ခြင်းအားဖြင့်' (၂၀၀၅)စီးရီးထဲက ကြယ်တွေ

mgyoe.com

mgyoe.com
SAMPLE BOOK


စုံတဲ့ ည၊ အလင်းဆိုင်ထဲက သီချင်း၊ လူနဲ့ အကျီ (ဒီသီချင်းက 'သက်ငြိမ်' မှာ ပါခဲ့ပြီးသား)၊ ဝေဒနာ စတဲ့ သီချင်းတွေက (owntune လည်း ဖြစ်) ပိုလို့ အလေးထား နားထောင်သင့်တဲ့ သီချင်းတွေလို့ မြင်မိတယ်။ တစ်ကိုယ်တော် solo မဟုတ်ဘဲ အဖွဲ့လိုက် ထွက်ခဲ့တဲ့ စီးရီးဟောင်းတွေမှာ လည်း လူသိပ်မသိတဲ့ ထူးအိမ်သင် သီချင်းကောင်းတွေ အများကြီး ရှိပါတယ်။ ဥပမာ 'ပန္နက်ဂံတေးစု ၂'(အဖွဲ့လိုက်) စီးရီးထဲက 'လောကကြီးရဲ့ မောင်းနှင်အား' နဲ့ 'ငါဟာ တိမ်တိုက်'၊ 'အိပ်မက်ထဲက ရထားကြီး'။ Big V ထဲက 'လမ်းခွဲပြီးနောက်' နဲ့ 'အပြန်' စတဲ့ သီချင်းတွေ။ အယ်ဖြူ ရေးထားတဲ့ 'အိပ်မက်ထဲက ရထားကြီး' ဆိုရင် ထူးအိမ်သင် ကွယ်လွန်ပြီး နှစ်များစွာအကြာ (အွန်လိုင်းပေါ် ပြန်တင်ကြတော့မှ) ပြန်ဆန်းသစ် နားဆင်ကြရတဲ့ သီချင်းတစ်ပုဒ် ဖြစ်တယ်။ တေးသွားက Country folk ပုံစံနဲ့ တီးခတ်ထားပေမဲ့ သီချင်းစာသားထဲက အရပ်ဒေသကတော့ လွမ်းမော ချောက်ချားဖွယ် ကောင်းလှတယ်။ ကလေးဘဝကို လွန်မြောက်၊ လူငယ်ဘဝကို ရောက်ရှိလာသူ တစ်ယောက်ကို ခြောက်လှန့်နေတဲ့ အိပ်မက်ဆိုးတစ်ခုကို အယ်ဖြူက အမိအရ ရေးဖွဲ့ထားသလို ထူးအိမ်သင်ရဲ့ သီဆိုပုံကလည်း အေးစက် ဖြူရော်နေတဲ့ အသံမျိုး။ ဘဝရဲ့ အိပ်မက်ဆိုး ဆန်မှု၊ လောကရဲ့ အရပ်မျက်နှာမဲ့ space ထဲ လွင့်မျောနေတဲ့ ရထားတစ်စီးထဲ လိုက်ပါလာတဲ့ ဝိညာဉ်နှစ်ခု။

ထူးအိမ်သင်ဟာ ဂီတအမျိုးအစား အတော်စုံစုံလင်လင် သီဆိုခဲ့တယ် ဆိုပေမဲ့ ခြုံငုံကြည့်ရင် Jazz , Blues နဲ့ Folk ကို အတော်လေး သဘောကျပုံ ရတယ်။ အဲဒီအမျိုးအစားတွေကို ပေါ့ပ်တွေ၊ ရော့ခ်တွေနဲ့ ပေါင်းစပ်ထားတဲ့ Fusion genres တွေရောပေါ့။ သူနဲ့လည်း အတော် လိုက်ဖက်တယ်လို့ မြင်မိတယ်။

အဲဒီ ၂၀၀၀ ပြည့်နှစ် အစောပိုင်း ကာလတွေမှာ ဂီတလောကကို ကြီးစိုးနေတဲ့ အမှတ်တရတေး၊ ပြန်ဆိုတေး ရေစီးနဲ့ ပေါ်ပင်ဂီတ ရေစီးထဲမှာ ရုန်းထွက်လိုက်၊ နစ်မြုပ်လိုက်ဖြစ်နေတဲ့ ထူးအိမ်သင်ကို တွေ့ရတယ်။ ကျွန်တော်တို့က သူ့ကို 'သက်ငြိမ်'လိုမျိုး၊ 'အရင်အတိုင်း' စီးရီး

mgyoe.com

mgyoe.com SAMPLE BOOK


ထဲက သီချင်းတွေလိုမျိုး သီဆိုစေချင်ပေမဲ့ သူ့မှာတော့ ပြန်ဆိုတေးတွေ၊ မင်္ဂလာဆောင်တွေမှာ ဖွင့်လို့ ကောင်းတဲ့ စုံတွဲသီချင်းတွေနဲ့ ပတ်သက် ရပ်တည်ခဲ့ရတာပါပဲ။ သူ့ဝိညာဉ်ထဲမှာ စုံလင်လှတဲ့ တူရိယာတွေနဲ့ ဆင်ဖိုနီတစ်ခု စမ်းသပ် တီးခတ်နေမှာ ဖြစ်ပေမဲ့ လက်တွေ့ဘဝမှာတော့ ဖန်တစ်ရာတေနေတဲ့ ပေါ့ပ်သီချင်းတွေ ဆိုနေရတုန်းပဲ။ ကျွန်တော်တို့ သတိမပြုမိခဲ့တာက သူ့ရဲ့ ဂီတဉာဏ်စဉ်တွေ ကြယ်စုံကွန့်မြူးတဲ့ အချိန် ကို ရောက်လာပေမဲ့ သူ့ရဲ့ခန္ဓာက ခေတ်စနစ်ကြီးကို ပွတ်တိုက် ဖြတ် သန်းရင်း လုံးပါး ပါးနေခဲ့ပြီ ဆိုတာကိုပဲ။ သူ့ရဲ့ စိတ်ကွက်လပ်ကြီးကို သူ့ရဲ့သွေးသားတွေနဲ့ပဲ ခန်းခြောက်တဲ့အထိ ဖြည့်နေခဲ့ရတာကို သူ သေဆုံးချိန်ကျမှပဲ သတိပြုမိကြတော့တာ။ အဲဒီ 'ချစ်ခြင်းအားဖြင့်' စီးရီး မှာ 'နှုတ်ဆက်သီချင်း' နဲ့ 'နှုတ်ဆက်တေး' ဆိုတဲ့ သီချင်း နှစ်ပုဒ် ပါတယ်။ အဲဒီကတည်းက သူက ကျွန်တော်တို့ကို လက်ပြ နှုတ်ဆက်နေပြီပဲ။

၂၀၀၅ ခုနှစ် နှောင်းပိုင်းရောက်တော့ ကျွန်တော်တို့ဟာ လမ်းဘေး ဒီဗီဒီဆိုင်က ထွက်သမျှ ခိုးကူးခွေ ဗီစီဒီတွေ ဝယ် နားထောင်နေမိပြီ။ အခန်းထဲမှာ အထပ်လိုက် ပစ်ချထားတဲ့ ပျောက်လွယ်ပျက်လွယ်တဲ့ စီဒီ တွေလို လူငယ်မျိုးဆက်တစ်ခုဟာ ထူးအိမ်သင်ရဲ့ ပလွေသံတွေ၊ ဘာဂျာ သံတွေ၊ ဗုံတိုသံတွေထက် ကွန်ပျူတာ ဆော့ဖ်ဝဲတစ်ခုက ထွက်လာတဲ့ သံစဉ်တွေနဲ့ စည်းဝါးကိုက်နေခဲ့ပြီ။ ၁၂ ပုဒ်လောက်သာ ပါတဲ့ ကက်ဆက် ခွေကလေးကို အပြန်၊ ဘီပြန် နားထောင်ရာကနေ ရာနဲ့ချီတဲ့ သီချင်း တွေဟာ မောက်စ်တစ်ချက် ဖိဆွဲရုံနဲ့ ပွင့်ခဲ့သလောက်၊ ခလုတ်တစ်ချက် နဲ့လည်း ပျက်သွားနိုင်တဲ့ ခေတ်ကို ရောက်ခဲ့ပြီ။ အဲဒီ ကျွန်တော့် ကွန်ပျူ တာထဲ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတဲ့ ကာလပေါ် သီချင်းပေါင်း ရာထောင်ချီထဲ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ထွက်တဲ့ ထူးအိမ်သင် သီချင်း တွေ ရောနှော ပါဝင်နေခဲ့သလို အထက်မှာ ကျွန်တော် အမှတ်ရခဲ့တဲ့ သူ့သီချင်းတွေကတော့ အုတ်ရောရော ကျောက်ရောရော ခေတ်ကြီးထဲ ထူးအိမ်သင် Folder တစ်ခုအဖြစ် အထင်အရှား ကျန်ရစ်နိုင်ခဲ့တယ်။

စောရူဆဲ ရေးပြီး ထူးအိမ်သင် သီဆိုတဲ့ 'ကိုယ်ပိုင်ပြက်လုံး' လို

mgyoe.com